မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာ ဒေဗီဆင်း ပတေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရေတက်ကောင်းမြို့နှင့် ငွေဆောင်မြို့များ ဖွံ့ဖြိုးတိုးတက်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းတွင် ငွေဆောင်-ဆင်မကားလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် လမ်းတစ်လျှောက်ရှိ ကျေးရွာများ သန့်ရှင်းသာယာလှပမှုကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အိန္ဒိယနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက် ဟာမစ် အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ကစ္ဆပနဒီတံတားမှသည် မြောက်ဦးမြို့နယ် အလှအပများဝေစည်

➤ သတင်းခရီးသည် - သတင်းထောက်စဥ့်ကူစိုးဝင်း ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
➤ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

စစ်တွေ ဇန်နဝါရီ ၂၅

မြန်မာ့အလင်းသတင်းအဖွဲ့သည် မြောက်ဦးမြို့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာရေးသားရန်အတွက် ဒုတိယအကြိမ် ကျောက်တော်မြို့မှတစ်ဆင့် နံနက်စောစော နှင်းမှုန်ကြားမှ တည်းခိုရသည့် ကစ္ဆပနဒီတံတားကြီးဘေးရှိ ကစ္ဆပနဒီဇည့်ရိပ်သာမှ ဦးစီးအရာရှိ ဦးခင်မောင်ထွေးနှင့်အတူ ထွက်ခွာခဲ့သည်။

ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စီစဉ်ပေးသည့် တောင်းအေ့စ် မော်တော်ယာဉ်ပေါ်တွင် မြန်မာ့ရုပ်မြင်သံကြား MRTV-4 မှ ဒေါ်မေလီခစိုး ခေါင်းဆောင်ပြီး ဒေါ်ဇာဖြူဝင်းနှင့် ကင်မရာသမားများဖြစ်သည့် ဦးကျော်မင်းသီဟနှင့် ဦးအောင်ကျော်ထွေးတို့ လိုက်ပါကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ *



ရခိုင်ပြည်နယ် မြောက်ဦးမြို့နှင့် ကျောက်တော်မြို့အကြား ဆက်သွယ်ထားသည့် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်းမပေါ်မှ နာမည်ကျော် ကစ္ဆပနဒီတံတားကြီးကို ကျောက်တော်မြို့ဘက်အခြမ်းမှ ဤသို့ ငွားငွားစွင့်စွင့် တွေ့ရသည်။ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက်)

ဒေသဝမ်းစာဖူလုံရေးနှင့်စိမ်းလန်းစိုပြည်ရေး ဆည်တမံများတိုးချဲ့တည်ဆောက် စီးပွားရေးအထောက်အကူပြုအမွေအနှစ် သားစဉ်မြေးဆက်ထိန်းသိမ်း

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ခင်မွန်ကျေးရွာအနီးရှိ ခင်မွန်ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီ ၂၄ရက်က ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် ရေခက်ခဲသောဒေသများတွင် ဒေသခံပြည်သူများအဆင်ပြေစေရန် ရေလှောင်တမံများ၊ စက်ရေတွင်းများ တည်ဆောက်ပေးခဲ့သည်။

ယခုဖွင့်လှစ်လိုက်သော ခင်မွန်ရေလှောင်တမံသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူခရိုင်အတွင်း ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ၇၁ခုတွင် ပါဝင်သည့် ရေလှောင်တမံ တစ်ခုဖြစ်သည်။

မကွေးတိုင်းကို ဆီအိုးကြီးဒေသဟု တင်စားခေါ်ဝေါ်ကြသည့်အလျောက် ဆီဖူလုံမှုရာခိုင်နှုန်း ၄၀၀ကျော်အထိ တိုးတက်ရန် ဆောင်ရွက်နိုင်ခဲ့သည်။ ဒေသဆန်ဖူလုံရေးအတွက် ရေရရှိရေးနည်းလမ်းများအလိုက် ယခုနှစ်တွင် မိုးစပါးဧက ၈၇၀၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးဧက ၁၆၀၀၀၀ လျာထား စိုက်ပျိုးလျက်ရှိသည်။

ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်၊ ကန်၊ တမံငယ်ပေါင်း ၇၁ခုကို စီမံချက်ချမှတ် ဆောင်ရွက်ခဲ့သည်။ ဆည်ငယ်၊ တမံငယ် ၂၄ခုကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပြီး ကျန် ၄၇ခုကို ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ရာ ခင်မွန်ရေလှောင်တမံအပါအဝင် ဆည်တမံစုစုပေါင်း ၆၃ခု တည်ဆောက်ပြီးဖြစ်၍ ဆည်ရေသောက်ဧရိယာ စုစုပေါင်း ၇၁၀၃ဧက တိုးချဲ့စိုက်ပျိုးနိုင်ပြီ ဖြစ်သည်။

ခင်မွန်ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ဒေသခံပြည်သူများအတွက် သားစဉ်မြေးဆက် တန်ဖိုးမဖြတ်နိုင်သော စီးပွားရေး အထောက်အကူပြု အမွေအနှစ်တစ်ခု ဖြစ်ပေသည်။

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ခင်မွန်ကျေးရွာအနီး ဒီးဒုတ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့်ပေ ၅၀၊ အလျားပေ ၁၇၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၂၀၀ ရှိသည်။ နိုင်ငံတော်အတွက် ၂၁၈ခုမြောက် ဖွင့်လှစ်နိုင်ခဲ့သော ဆည်တမံဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တစ်ဝန်း ငွေကြေးမြောက်မြားစွာ အကုန်အကျခံတည်ဆောက်ပေးခဲ့သောဆည်များကို ဒေသခံပြည်သူတို့က သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အတွက် လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၈)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃-စီ)တည်ရှိရာ ဧရာဝတီတိုင်းမွေ့ရုံ၌ မတ်၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ကန်တော့ခံနိုင်ရန်အတွက် အသက်(၇၅) နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများအနေဖြင့် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုရယူနိုင်ရန်အတွက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သောအသင်းဝင်များ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများသည် အမှတ်စာရင်းမိတ္တူဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ရက် နောက်ဆုံးထား၍ အသင်းတိုက်သို့ စာရင်းပေးပို့ရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀-၀၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀-၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းငြွေ ဖုန်း-၀၉-၈၀-၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၁၅၉၇၂၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁-၅၀၁၀၀ နှင့် အသင်းတိုက် ဖုန်း-၀၁-၃၇၉၂၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၂၆-၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညနေပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၀၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၁၅	၉။	ကျန်းမာကြံ့ခိုင် တို့မဏ္ဍိုင်
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၁၆)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၃)

ထွေ/အုပ် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) မွမ်းမံသင်တန်းဆင်း သင်ကြားပို့ချသော သင်ခန်းစာအတွေ့အကြုံ ဗဟုသုတများဖြင့် လုပ်ငန်းများ ယခင်ကထက် ကောင်းမွန်အောင် ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၈) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၈နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် သင်တန်းမှ သင်ကြားပို့ချလိုက်သည့် သင်ခန်းစာအတွေ့အကြုံ ဗဟုသုတများဖြင့် လုပ်ငန်းများကို ယခင်ကထက် ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများကို သိရှိနားလည်ပြီး စံနမူနာ ဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်း၌ ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား ပေးအပ်သည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းသို့ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ် ပြည်နယ်/တိုင်း၊ ခရိုင်နှင့် မြို့နယ်အသီးသီးမှ သင်တန်းသားစုစုပေါင်း ၃၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝါးခယ်မ စည်ပင်သာယာရေးအဖွဲ့ ရေပိုက်လိုင်းများ လဲလှယ်မှုဆောင်ရွက်

ဝါးခယ်မ ဇန်နဝါရီ ၂၅

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း ရေပိုက်လိုင်းများ လဲလှယ်မှု လုပ်ငန်း ဒီဇင်ဘာ ၈ရက်က ဆောင်ရွက်လျက်ရှိရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦး ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဇော်မင်းက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် ၇၂ နေ ဦးမြင့်ကြည်(၇၂) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၂၀၀၀၀လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား သူနာပြုအုပ် ဒေါ်မြင့်မေ နှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ခင်ခင်ယု တို့လက်ခံယူစဉ်။(ကင်ဆာဖောင်ဒေးရှင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ကောင်းခြင်းလေးပါး** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ဝိမလ)
၇း၅၅-၁း၅၅	Activities in the City (မြင်းစီးပြိုင်ပွဲ)
၈း၂၀-၂း၂၀	Study Guide (Win Japanese Language School)
၈း၄၀-၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅-၂း၄၅	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ရေပုတ်သင်မွေးမြူရေး)
၉း၀၅-၃း၀၅	Biz Net
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	စိတ်ချမ်းသာ ကိုယ်ကျန်းမာ စေမှာ ကုမုဒြာ(အပိုင်း-၂)
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	လှပချစ်စရာ လက်မှုအနုပညာ (Pretty in Day & Night)
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	Say it in English
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	Yangon Panorama ချစ်သူ့သဘင် (၂၀၀၉-မီဒီယာပွဲခင်း)
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ (ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်၊ ဖူးစုံ၊ အရိုင်း) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
၁၂း၀၀-၆း၀၀	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	ညွှတ်နူးအယူ ရှိခိုးမှု တုကျွန်းဇမ္ဗူအောင်လံထူ
၁၂း၃၅-၆း၃၅	သူတို့ပြောတဲ့ သူတို့အကြောင်း (ရုပ်ရှင်သရုပ်ဆောင် ငှက်ပျောကြော်နှင့် တွေ့ဆုံခြင်း)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

● *ရှေ့ဖုံးမှ*

ထို့နောက် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ တိုက်နယ်ဆေးရုံတွင် ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများကို ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်၍ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၏ ဘာသာတွဲအလိုက် အစမ်းဖြေဆိုလေ့ကျင့်နေမှုနှင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုသည် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ပေးအပ်

ဗိုလ်ချုပ်ကိုကိုသည် ဇန်နဝါရီ၂၄ရက် နံနက်ပိုင်းတွင် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများနှင့်အတူ ဆင်မကျေးရွာ ဘဝအလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် စာအုပ်များကို ကျေးရွာစာကြည့်တိုက်မှူးထံ ပေးအပ်သည်။

တွေ့ဆုံ

ယင်းနောက် ဆင်မကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် သင်ကြားမှု အထောက်အကူပြု စာအုပ်များကို ပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ဆင်မကျေးရွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေအနေများကို မေးမြန်းအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဆင်မကျေးရွာ ဘဝအလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၉ခုနှစ် ဇန်နဝါရီ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပရာနပ်ဗ် မူခါဂျီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဩစတြေးလျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၉ခုနှစ် ဇန်နဝါရီ၂၆ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာစတီဖင်စမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နေ့စဉ်နံနက်ပိုင်း၌ နေပူဆာလှုံပေးပါက အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှု နည်းပါးနိုင်ဟုဆို

အသက်အရွယ် ကြီးရင့်သူများ အနေဖြင့် နံနက်ပိုင်း နေပူဆာလှုံပေးပါက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အထောက်အကူ ပြုစေကြောင်း ဗြိတိန်နိုင်ငံမှ ဆေးသုတေသနပညာရှင်များက ပြောကြားသည်။

အသက် ၆၅နှစ်နှင့် အထက် အမျိုးသား အမျိုးသမီးကြီးများအနေဖြင့် နံနက်ခင်းနေရောင်ခြည်ကို အနည်းဆုံး မိနစ်၃၀ခန့် ခံပေးပါက အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို လျော့နည်းစေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြသည်။

ရှင်သန်ဖွံ့ဖြိုးမှု

ထိုသို့ဖြစ်ခြင်းမှာ နေရောင်ခြည်တွင်ပါရှိသော ဗီတာမင်ဒီက အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်နှင့် ဦးနှောက်အတွင်း ပျံ့နှံ့ဝင်ရောက်ပြီး ဦးနှောက်ဆဲလ်များ ရှင်သန်ဖွံ့ဖြိုးမှုကို ထောက်ပံ့ပေးခြင်းကြောင့်ဖြစ်သည်ဟုဆို၏။

သုတေသနပြုလေ့လာ

အသက်အရွယ်ကြီးရင့်သော အမျိုးသား အမျိုးသမီးကြီး ၂၀၀၀ကျော်တို့အား သုတေသနပြုခဲ့ရာ နံနက်ခင်း နေပူဆာလှုံပေးသူများသည် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှု အလွန်နည်းပါးသည်ဟု တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့–နံနက်+နေ့လယ်+ည)
(၂၆–၁–၂၀၀၉)

၀၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်းကြေညာချက်
၀၇:၀၅ တရားတော် **အင်္ဂုလိမာလသုတ်+ဇောဇ္ဈင်္ဂသုတ်** ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်း
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား ဂေါ်ရခါးသီးစိုက်ပျိုးခြင်း
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ မေတို့တွက်တာအလှကမ္ဘာ မိန်းကလေးများကိုပြောချင်တဲ့ စကား
၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ ဦးကျောက်လုပ်ငန်း မပျက်ယွင်းအောင် ထိန်းသိမ်းဖို့
၁၁:၄၀ နေ့လယ်ခင်းသတင်း
၁၂:၀၀ စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း **တက္ကသိုလ်၊ ဒီဂရီကောလိပ်နည်းပြ**
၁၂:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ အားကစားသတင်းပဒေသာ
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ်
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး **ရဲရင့်စွန့်စားသူ့အတွက်စွမ်းအား**
၁၆:၃၀ ပညာရေးအထူးအစီအစဉ်
၁၇:၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (သန့်စွမ်းကျန်းမာစိတ်နဲ့ခန္ဓာ)
၁၇:၁၀ ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းသတင်းပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၅ တေးချစ်သူရွေးသီတေးပန်းချီ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ **ရေဒီယိုအတိုတ်တေးအရိပ်** နိုင်ငံရေးဦးတည်ချက်
၁၉:၂၅ ပြိုးပဒေသာ/ဟာသ
၁၉:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ဟန်မျိုးစုံညီတေးကိုသီ စီးပွားရေးဦးတည်ချက်
၂၀:၅၀ ဆောင်းပါး
၂၁:၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁:၃၅ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မြန်မာ့ရုပ်မြင်သံကြား

၂၆–၁–၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၀ ၇။ **စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်** ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး ဒါရိုက်တာ–တင်အောင်ရွှေ (သုတေသီ)
၈:၂၀ ၈။ ဖြူးချောင်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Local Talent

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀ ၃။ မြန်မာစာ မြန်မာစကား
၄:၃၅ ၄။ အကပဒေသာ
၅:၀၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၁၀ ၆။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅:၃၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၄၀ ၈။ အဆိုပြိုင်ပွဲ
၅:၅၀ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ ဆိုကြမယ်ပျော်ကြမယ်
၇:၀၅ ၁၃။ သူရွေးသီရာတေးကဗျာ
၇:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ** (အပိုင်း–၆)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း–၂၁)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင် ပြန်လည်အအေးပိုလာ၊ ကော့သောင်း၌ မိုးအနည်းငယ်ရွာသွန်းခဲ့

ရန်ကုန် ဇန်နဝါရီ ၂၅

ဇန်နဝါရီ ၂၅ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကိုဖော်ပြရပါက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၉ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ညအပူချိန်များ

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် သုညဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းတို့၌ ၂ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၂၈ လက်မဖြစ်သည်။

ဇန်နဝါရီ၂၆ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ၂၆ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

သာယာ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား – မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးစီမံချက်အရ ကျန်းမာရေးဦးစီးဌာန၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ရက်က သာကေတမြို့နယ် ၆/အနောက်ရပ်ကွက်၌ ဆောင်ရွက်ရာသို့ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်း၊ အတွင်းရေးမှူး ဒေါ်စန်းစန်းရီ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်သန်းအေးတို့ လာရောက်အားပေးကြည့်ရှုကြစဉ်။ (၀၉၈)

ထရီပိုလီ ရေနံနှင့်သဘာဝဓာတ်ငွေ့စက်ရုံ

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တွင် တည်ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရာမြေတွင် တည်ဆောက်ထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့စက်ရုံကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂွမ်တာနာမိုအကျဉ်းစခန်းပိတ်ပစ်ရန် အိုဘားမား၏ဆုံးဖြတ်ချက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကြိုဆို

ဂျီနီဗာ ဇန်နဝါရီ ၂၅

ကျူးဘားနိုင်ငံရှိ အမေရိကန် ဂွမ်တာနာမိုအကျဉ်းစခန်း ပိတ်ပစ်ရေး အစီအစဉ်ကို သမ္မတအိုဘားမားက ဆုံးဖြတ်လိုက်ခြင်းနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇန်နဝါရီ ၂၃ရက်တွင် ကြိုဆိုလိုက်သည်။

ချီးကျူး

အကျဉ်းသားများအား ထိန်းသိမ်းထားရေး မူဝါဒများ ပြန်လည်သုံးသပ်ရန်၊ မသင်္ကာသူများအား တရားသဖြင့် စစ်ဆေးရေး အစီအမံများ ချမှတ်ရန်နှင့်တကွ အချို့သော စစ်ဆေးနည်းများ မပြုလုပ်ရန် သမ္မတအိုဘားမား၏ အမိန့်များနှင့် စပ်လျဉ်း၍လည်း မစ္စတာ ဘန်ကီမွန်းက ချီးကျူးလိုက်သည်။

ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်ပစ်ရန် ကုလသမဂ္ဂက ယခင်ကတည်းက တိုက်တွန်းခဲ့ကြောင်း၊ ယခုအခါ သမ္မတအိုဘားမားက အခြေခံလူ့အခွင့်အရေးများကို လေးစားရန် ထိပ်တန်းဦးစားပေးလာသဖြင့် များစွာအားတက်မိပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ထုတ်ဖော်ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၂၀၀၀၀ အာဖဂန်နစ္စတန်သို့ပို့မည်

ဝါရှင်တန် ဇန်နဝါရီ ၂၅

အမေရိကန်စစ်တပ်က အာဖဂန်နစ္စတန်နိုင်ငံတွင် လာမည့်ခြောက်လမှ ရှစ်လအတွင်း မရိန်းတပ်ဖွဲ့ဝင် ၂၀၀၀၀ခန့်ကို ဖြန့်ကြက်မည်ဖြစ်ကြောင်း ထိပ်တန်းစစ်ဘက်အရာရှိတစ်ဦးက ဇန်နဝါရီ ၂၃ရက်၌ ပြောကြားသည်။

မရိန်းတပ်ဖွဲ့ဝင်များ အီရတ်မှ ထွက်ခွာချိန်ရောက်ပြီဖြစ်ကြောင်း အမေရိကန် မရိန်းတပ်မှူး ဂျိမ်းကွန်ဝေးက သတင်းထောက်များအား ပြောကြားသည်။ အီရတ်မှ တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းခြင်းကြောင့် အာဖဂန်နစ္စတန်နိုင်ငံ၌ မရိန်းတပ်များ ဖြန့်ကြက်နိုင်မှာ ဖြစ်သည်ဟုလည်း ၄င်းက ထည့်သွင်း ပြောကြားသည်။

ကြေညာ

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်၃၀၀၀၀အထိ ထပ်မံစေလွှတ်ရန် စီစဉ်နေသည်ဟုလည်း အမေရိကန် စစ်ဌာနချုပ်က စောစောပိုင်းတွင် ကြေညာထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ အာကာသလေ့လာရေးအေဂျင်စီ(ဂျေအေအိတ်စ်အေ)က နိုင်ငံတောင်ပိုင်း တာနီဂက်ရှီမာအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ H-2A ဒုံးပျံအား အာကာသတွင်းသို့ လွှတ်တင်နေသည်ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂါမာမြို့၌ ကားဗုံးခွဲတိုက်ခိုက် ငါးဦးသေဆုံး ၁၃ဦးဒဏ်ရာရ

ဖလူးဂျာ ဇန်နဝါရီ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက် ဂါမာမြို့တွင် ဇန်နဝါရီ ၂၄ရက်က ယင်းမြို့ရှိ စစ်ဆေးရေးဂိတ်အား အသေခံ ကားဗုံးခွဲသမားတစ်ဦးက ကားဗုံးခွဲ တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာ ရဲသတင်းရပ်ကွက်တစ်ခုက ပြောကြားခဲ့သည်။

အသေခံဗုံးခွဲ

အဆိုပါ ဖြစ်ရပ်သည် ဖလူးဂျာမြို့၏ အရှေ့မြောက်ဘက် ၁၅ကီလိုမီတာအကွာရှိ ဂါမာမြို့စစ်ဆေးရေးဂိတ်ကို ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသော ကားဖြင့် အသေခံ ဗုံးခွဲတိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။

ကြီးစိုးလွှမ်းမိုး

ယင်းပေါက်ကွဲမှုကြောင့် ရဲအရာရှိသုံးဦးနှင့်ရဲတပ်ဖွဲ့ဝင်သုံးဦးတို့သေဆုံးပြီး ရဲတပ်ဖွဲ့ဝင် ခြောက်ဦးအပါအဝင် စုစုပေါင်း ၁၃ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ဘဂ္ဂဒက်မြို့၏ အနောက်ဘက် ကီလိုမီတာ ၅၀အကွာရှိ ဖလူးဂျာမြို့သည် အမေရိကန်နှင့်အပေါင်းပါတပ်များ အီရတ်သို့ ကျူးကျော်ဝင်ရောက်သည့် ၂၀၀၃ခုနှစ်ကတည်းက အယ်လ်ခိုင်ဒါ စစ်သွေးကြွများ ကြီးစိုးလွှမ်းမိုးခဲ့ရာ အန်ဘာပြည်နယ်ရှိ မြို့ဖြစ်သည်။

(အင်တာနက်)

အမေရိကန်တို့ ဒုံးကျည်ဖြင့်ပစ်ခတ်မှု ပါကစ္စတန်တွင် ကိုးဦးသေဆုံး

ပက်ရှဝါ ဇန်နဝါရီ ၂၅

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင် အမေရိကန် မောင်းသူမဲ့လေယာဉ်တစ်စင်းဒုံးကျည်ဖြင့် သုံးကြိမ်ပစ်ခတ်သဖြင့် ကိုးဦး သေဆုံးကြောင်း ထောက်လှမ်းရေးအရာရှိများနှင့် ဒေသခံပြည်သူများက ဇန်နဝါရီ ၂၄ရက်က ပြောကြားသည်။

တိုက်ခိုက်

ဘားရက်အိုဘားမား အမေရိကန်သမ္မတတာဝန်စတင်ယူပြီးနောက် ပါကစ္စတန်နိုင်ငံသို့ ပထမဆုံး တိုက်ခိုက်ခြင်းဖြစ်သည်။

ဆွဲထုတ်ယူ

အာဖဂန်နစ္စတန်နှင့် နယ်ချင်းစပ်နေသည့် ထိုဒေသမှ အထင်ကရမြို့ဖြစ်သည့် မာအလီမြို့ အနောက်ဘက် နှစ်ကီလိုမီတာရှိ ကျေးရွာတစ်ရွာအတွင်းရှိ နေအိမ်တစ်အိမ်ကိုဒုံးကျည်များထိမှန်ခြင်းကြောင့် သေဆုံးသူကိုးဦးအား နေအိမ်အပျက်အစီးများကြားမှ ဆွဲထုတ်ယူခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

တောင်ကိုရီး...
လိုက်သော ကား...
ထားသည်ကို ဇန်န...

အမေရိကန်...
ကဘူးလ်မြ...

အာဖဂန်နစ္စတန်နိ...
လက်ချ်မန်းပြည်နယ်...
အမေရိကန်နှင့် အပေါ...
သေဆုံးခဲ့ကြောင်း အ...

အဆိုပါ စစ်ဆင်...
တစ်ဝန်းတွင် လှုပ်ရှား...
လက်ချ်မန်းပြည်နယ် ...
ခဲ့ခြင်း ဖြစ်သည်။ ၂...
ပြင်သစ်တပ်ဖွဲ့ဝင် ၁...

အီရတ်နိုင်ငံ ...
အသေခံဗုံးခွဲ တိုက်...
၂၄ရက်က တွေ့ရ...
ဒဏ်ရာရရှိခဲ့သည်...

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ပထမဦးဆုံး လေယာဉ်ပျံကို တီထွင်ခဲ့သူ ဝီလ်ဘာရိုက်(၁၈၆၇-၁၉၁၂)နှင့် အော်ဗီလ်ရိုက်(၁၈၇၁-၁၉၄၈) တို့ ညီအစ်ကိုနှစ်ဦး

လူသားတို့သည် ကမ္ဘာဦးတည်စကတည်းက ကဏ္ဍအသီးသီးတွင် စွန့်ဦးတီထွင်မှုများကို ပြုလုပ်ခဲ့ကြခြင်းဖြင့် ကမ္ဘာလောကကြီး တိုးတက်ပြောင်းလဲပြီး လူသားတို့၏ လူနေမှုအဆင့်အတန်းကို တိုးတက်အောင် ဖန်တီးဖော်ဆောင်ခဲ့ကြသည်။

ပြောင်းလဲလာ

တစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်ကြရာတွင် ရှေးအခါက လှေ၊လှည်းတို့ကို အသုံးပြုကာ သွားလာနေခဲ့ကြရာမှ ယင်းတို့အစား ကား၊ ရထား၊ သင်္ဘောစသည်တို့ကို အစားထိုးတီထွင်ခဲ့သဖြင့် တိုးတက်ပြောင်းလဲလာခဲ့သည်။ ယခင်က လှေ၊ လှည်းတို့ဖြင့် ရက်၊ လချီ၍သွားရသောခရီးကို ယခုအခါ ကား၊ရထားတို့ဖြင့် နာရီပိုင်းအတွင်းရောက်ရှိကာ ခရီးအကွာအဝေးအလိုက် နေ့ချင်းပြန်သွားနိုင်သော ခရီးများအဖြစ် ပြောင်းလဲလာသည်။

မြေပြင်၊ ရေပြင်သွားလာ ဆက်သွယ်ရေးကို လှေ၊လှည်းတို့ထက် အချိန်ကုန် လူပန်းသက်သာသော မီးရထား၊ မော်တော်ကား၊ သင်္ဘောတို့ဖြင့် စိုးမိုးနိုင်ရုံဖြင့် မကျေနပ်နိုင်သေးသော လူသားတို့သည် ဝေဟင်ကို စိုးမိုးနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ရာမှ ဝေဟင်တွင် ပျံသန်းကာ မိုင်ထောင်ချီသော ကမ္ဘာ့တစ်ပတ်ခရီးကို တစ်နေ့တာအတွင်း ပျံသန်းသွားလာနိုင်သည့် လေယာဉ်ပျံကို တီထွင်နိုင်ခဲ့သည်။

ဒဏ်ရာပြင်းထန်သဖြင့် ယင်းအားကစားကို လက်လျှော့လိုက်ရပြီး ယေးလ်တက္ကသိုလ်တက်ရန် အစီအစဉ်ကိုလည်း ဖျက်လိုက်ရသည်။ သူသည်ဒဏ်ရာကြောင့် အနားယူနေစဉ်အတွင်း အဆုတ်ရောဂါအပြင်းအထန် ခံစားနေရသူ မိခင်အား အနီးကပ်ပြုစုပေးရင်း အားလပ်ချိန်တွင် ဖခင်၏ စာကြည့်တိုက်ရှိ စာအုပ်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုခဲ့သည်။

မွေးချင်းပေါက်ဖော်

ထိုသို့သော ပထမဦးဆုံး လေယာဉ်ပျံကို တီထွင်ခဲ့သူ ညီအစ်ကိုနှစ်ဦးမှာ အမေရိကန်နိုင်ငံသားများ ဖြစ်ကြသော ဝီလ်ဘာရိုက် **(အပေါ်ယာစွန်)**နှင့် အော်ဗီလ်ရိုက်**(ဝဲစွန်)**တို့ ဖြစ်ကြသည်။ သူတို့ ညီအစ်ကိုနှစ်ဦးတွင် မွေးချင်းပေါက်ဖော်ခုနစ်ဦးရှိသည်။ ၎င်းတို့၏ မိဘနှစ်ပါးဖြစ်သည့် ဖခင်မီလ်တန်ရိုက် (၁၈၂၈-၁၉၁၇) နှင့် မိခင် ဆူဇန်ကက်သရင်းကိုအာနာ (၁၈၃၁-၁၈၈၉) တို့က မွေးဖွားခဲ့ကြသော သားသမီးခုနစ်ဦးမှာ ရီယူ့ချ်လင်းရိုက် (၁၈၆၁-၁၉၂၀)၊ လိုရင်ရိုက် (၁၈၆၂-၁၉၃၉)၊ ဝီလ်ဘာရိုက် (၁၈၆၇-၁၉၁၂)၊ အိုတစ်ရိုက်နှင့် အီဒါရိုက် (၁၈၇၀တွင်မွေးပြီး မကြာမီသေဆုံးသွားကြသော အမွှာ)၊ အော်ဗီလ်ရိုက် (၁၈၇၁-၁၉၄၈)နှင့် ကက်သရင်းရိုက်(၁၈၇၄-၁၉၂၉)တို့ ဖြစ်ကြသည်။

အလုပ်လုပ်ကိုင်

ဝီလ်ဘာရိုက်နှင့် အော်ဗီလ်ရိုက်တို့ ညီအစ်ကိုနှစ်ဦး၏ ဖခင်ဖြစ်သူ မီလ်တန်ရိုက်သည် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် သင်းအုပ်ဆရာတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်သူတစ်ဦးဖြစ်သည်။ ဝီလ်ဘာရိုက်ကို အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ် မီဗီလီမြို့အနီးတွင် မွေးဖွားခဲ့ပြီး အော်ဗီလ်ရိုက်ကို အိုဟိုင်းယိုးပြည်နယ် ဒေတန်မြို့၌ မွေးဖွားခဲ့သည်။

အမြစ်တွယ်ခဲ့

ယူနိုက်တက်ဘရက်သရင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှ သင်းအုပ်ဆရာဖြစ်သူ မီလ်တန်ရိုက်သည် ခရီးမကြာခဏ ထွက်ရလေ့ရှိပြီး ၁၈၇၈ခုနှစ်တွင် ခရီးထွက်ရာမှ အပြန် အရှည်တစ်ပေခန့်ရှိသော ရဟတ်ယာဉ်ငယ်ပုံစံ ကစားစရာ အရုပ်တစ်ရုပ်ကို သားငယ်နှစ်ယောက်အတွက် လက်ဆောင်ဝယ်ခဲ့သည်။ အဆိုပါရဟတ်ယာဉ်ငယ်ပုံစံကစားစရာကို ပြင်သစ်အာကာသဆိုင်ရာ ရှေ့ဆောင်ဖြစ်သည့် အယ်လ်ဖွန်ဆီဗီနော့ဒ်ကုမ္ပဏီ၏ တီထွင်ထုတ်လုပ်မှုကိုအခြေခံကာ ထုတ်လုပ်ထားသည်။ ယင်းကစားစရာသည် စက္ကူ၊ ဝါးတို့ဖြင့် ပြုလုပ်ထားပြီး ယင်း၏ဒလက်ကို လည်စေရန် ရော်ဘာသိုင်းကြိုးဖြင့် ရစ်ပတ်ထားသော ဖော့ဆို့လည်း ပါဝင်သည်။

ဝီလ်ဘာရိုက်နှင့်အော်ဗီလ်ရိုက်တို့ ညီအစ်ကိုနှစ်ဦးသည် ယင်းကစားစရာကို ပျက်စီးသည်အထိ ကစားခဲ့ကြပြီး ထိုစဉ်ကတည်းက ဝေဟင်တွင်ပျံနိုင်မည့် ယာဉ်ကို တီထွင်ရန် စိတ်အားထက်သန်မှုသည် ၎င်းတို့၏ ရင်ထဲတွင် သံမှိုစွဲသကဲ့သို့ အမြစ်တွယ်ခဲ့သည်။

အပျက်အစီးဖြစ်စေခဲ့

ဝီလ်ဘာရိုက်နှင့် အော်ဗီလ်ရိုက်တို့ ညီအစ်ကို နှစ်ဦးစလုံး အထက်တန်း ပညာသင်ကြားခဲ့ကြသော်လည်း ဆုံးခန်းတိုင်မသင်ယူနိုင်ခဲ့ကြပေ။ အကြောင်းမှာ သူတို့၏ မိသားစုသည် ၁၈၈၄ ခုနှစ်တွင် အင်ဒီယားနားပြည်နယ် ရစ်ချ်မွန်မြို့မှ ၁၈၇၀ ပြည့်လွန်နှစ်များတစ်လျှောက်လုံးနေထိုင်မည့် ဒေတန်မြို့သို့ အပြီးအပိုင်ပြောင်းရွှေ့ခဲ့မှုသည် သူတို့၏ ပညာရေးကို အပျက်အစီးဖြစ်စေခဲ့သောကြောင့် ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်

၁၈၈၅-၁၈၈၆ ခုနှစ်တွင် ဝီလ်ဘာရိုက်သည် မိတ်ဆွေများနှင့် ရေခဲပြင် စကိတ်စီးစဉ် ဟော်ကီတံဖြင့်မျက်နှာကို မတော်တဆရိုက်မိခဲ့သဖြင့် သူ၏ ရှေ့သွားများ ဆုံးရှုံးခဲ့ရသည်။ ယင်းအားကစားတွင် စိတ်အားထက်သန်သူ ဝီလ်ဘာရိုက်သည် ၎င်း၏

အသုံးချနိုင်ခဲ့

ထို့ကြောင့် သူတို့ငယ်စဉ်ကထောင်ခဲ့သော စက်ဘီးပြင်ရောင်းဆိုင်မှသည် ၁၈၉၂ ခုနှစ်တွင် ဆိုင်ကယ်လဲလှယ်ရေးဆိုင်၊ ဆိုင်ကယ်ကုမ္ပဏီစသဖြင့် အဆင့်ဆင့် တိုးတက်လာသည်အထိ ယင်းမှရသောငွေကို ရန်ပုံငွေအဖြစ်ထားရှိကာ ညီအစ်ကိုနှစ်ဦးစလုံး ငယ်စဉ်ကစိတ်ဝင်စားခဲ့သော လေယာဉ်တီထွင်ရေးတွင် ပုံအောသုံးစွဲခဲ့သည်။ ၁၈၉၆ ခုနှစ် မေလတွင် စမစ်ဆိုနီယန်တက္ကသိုလ်မှ ပညာရှင် ဆမ်မြူရယ်လန်ဂလေက လူလိုက်ပါခြင်းမရှိသော ရေနွေးငွေ့စွမ်းအင်သုံး လေယာဉ်ငယ်ကို စမ်းသပ်လွှတ်တင်နိုင်ခဲ့သည်။ ယင်းနှစ် ဩဂုတ်လတွင်မူ ဂျာမနီမှ အော်တိုလီလီယန်သာလ်သည် ဂလိုက်ဒါစမ်းသပ်မောင်းနှင်ရင်း ချောက်ထဲကျ သေဆုံးခဲ့ရသည်။

တီထွင်အသုံးချ

၁၈၉၉ခုနှစ် ဇူလိုင်လတွင် ဝီလ်ဘာရိုက်က လေယာဉ်နှစ်စင်း ယှဉ်လျက်ပုံသဏ္ဌာန်ရှိသော ငါးပေအရှည်ခန့်ရှိ ဂလိုက်ဒါ**(ဝဲပုံ)**ကို တီထွင်ခဲ့သည်။ ၁၉၀၂ခုနှစ် စက်တင်ဘာမှ အောက်တိုဘာအတွင်း ဂလိုက်ဒါကို အကြိမ်ပေါင်း ၇၀၀မှ ၁၀၀၀အကြား စမ်းသပ်စီးနင်းခဲ့သည်။ ယင်းသို့စီးနင်းရာတွင် အကြာဆုံး ၂၆စက္ကန့် စီးနင်းနိုင်ပြီး ၆၂၂ပေအကွာအဝေးကို ပျံသန်းနိုင်ခဲ့သည်။ ၁၉၀၃ခုနှစ် မတ် ၂၃ရက်တွင် ရိုက်ညီနောင်တို့သည် ၁၉၀၂ခုနှစ်က ၎င်းတို့ တီထွင်သည့် ဂလိုက်ဒါကို အခြေခံကာ ပျံသန်းရေးအင်ဂျင်ကို တီထွင်အသုံးချနိုင်ခဲ့သည်။ ၁၉၀၃ခုနှစ် ဒီဇင်ဘာ ၁၄ရက်တွင် ဝီလ်ဘာရိုက်သည် ပျံသန်းမှုကိုအောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ ၁၉၀၃ခုနှစ် ဒီဇင်ဘာ ၁၇ရက်တွင်မူ တစ်နာရီကြာမြင့်သည့် ၂၇မိုင်ခရီးကို နှစ်ကြိမ်တိုင်တိုင် ပျံသန်းနိုင်ခဲ့ပြီး ယနေ့တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် လေယာဉ်ပျံကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ပေသည်။ လေယာဉ်တီထွင်ခဲ့သူ ပညာရှင်များဖြစ်ကြသည့် ဝီလ်ဘာရိုက်သည် ၁၉၁၂ခုနှစ် မေ၃၀ရက်တွင် ကွယ်လွန်၍ ညီဖြစ်သူ အော်ဗီလ်ရိုက်သည် ၁၉၄၈ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ကွယ်လွန်ခဲ့ကြပေသည်။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ရေးသားသည်

နည်းပညာသိပွဲ

ကမ္ဘာ့အမြန်ဆုံး ကျည်ဆန်ကား ထုတ်လုပ်မည်

လန်ဒန် ဇန်နဝါရီ ၂၅

ကမ္ဘာပေါ်တွင် အမြန်ဆုံးမောင်းနှင်နိုင်သော မော်တော်ယာဉ်ကို ဗြိတိသျှသုတေသနပညာရှင်များက တီထွင်ထုတ်လုပ်ရန် စီစဉ်နေပြီဖြစ်သည်။ အသံ၏နှုန်းနီးပါး မြန်နှုန်းမြင့်မောင်းနှင်နိုင်သော အဆိုပါကျည်ဆန်ကားသည် ကမ္ဘာပေါ်၌ ပထမဆုံးထုတ်လုပ်နိုင်သော ကားအဖြစ်လည်း မှတ်တမ်းတင်နိုင်မည် ဖြစ်သည်။

ထည့်သွင်းထုတ်လုပ်

အင်ဂျင်နီယာများအနေဖြင့် ကျည်ဆန်ကားကို တစ်နာရီလျှင် ၁၆၀၉ ကီလိုမီတာအထိ မောင်းနှင်နိုင်အောင် နည်းပညာသစ်များ ထည့်သွင်းထုတ်လုပ်မည်ဖြစ်သည်။ လောလောဆယ်အချိန်၌ ကမ္ဘာပေါ်တွင် အမြန်ဆုံးမောင်းနှင်နိုင်သောကားမှာ တစ်နာရီကီလိုမီတာ ၄၀၀ သာဖြစ်သည်။

ဂျက်လေယာဉ်အင်ဂျင်

ဗြိတိန်နိုင်ငံ ဘရစ်စတိုလ်မြို့ရှိ ယာဉ်ပြုပြင်တည်ဆောက်ရေးအလုပ်ရုံအတွင်း လွန်ခဲ့သည့် ၁၈လမှ စတင်တည်ဆောက်ခဲ့ရာ မကြာမီကာလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း ကျည်ဆန်ကားတွင် ဂျက်လေယာဉ်အင်ဂျင် တပ်ဆင်ထားကြောင်းလည်း သိရသည်။ **(အင်တာနက်)**

အင်တာနက်ကျန်းမာရေး

ဆေးလိပ်သောက်သော ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကိုယ်လက်အင်္ဂါ မပြည့်စုံသော ကလေးငယ်များမွေးဖွားနိုင်

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဆေးလိပ်သောက်သုံးလျှင် မွေးဖွားလာသောရင်သွေးငယ်များ စောစီးစွာ ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်များက သတိပေးလိုက်သည်။

ချို့ယွင်းမှုဖြစ်စေ

ထို့အပြင် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ဆေးလိပ်သောက်သုံးလျှင် သန္ဓေသားတွင် နီကိုတင်းအဆိပ်ဓာတ်ငွေ့များ စိမ့်ဝင်ပျံ့နှံ့နိုင်ပြီး သန္ဓေသားဘဝ၌ပင် ကျန်းမာရေးချို့ယွင်းမှုဖြစ်စေနိုင်ကြောင်း သိရသည်။

ဆေးလိပ်သောက်သုံးသော မိခင်များကြောင့် သွေးကင်ဆာ၊ ဦးနှောက်ကင်ဆာ၊ ကျောက်ကပ်နှင့် မျက်စိကင်ဆာများ ဖြစ်ပွားစေနိုင်ကြောင်း၊ ထို့အပြင် မွေးဖွားလာသောရင်သွေးငယ်များ၌ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများ အပြည့်အစုံ ပါမလာတတ်ကြောင်းဖြင့်လည်း သတိပေးထားသည်။

ကြုံတွေ့ခံစား

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက်သူများနှင့် အနေနီးစပ်ပါကလည်း မိမိကိုယ်တိုင် ဆေးလိပ်သောက်သကဲ့သို့ ဆိုးကျိုးများ ကြုံတွေ့ခံစားရမည်ဖြစ်ကြောင်းလည်း ဩစတြေးလျ သုတေသနပညာရှင်များက ထောက်ပြထားသည်။

ဘာဝဒသာန

Entire ignorance is not so terrible or extreme an evil, and is far from being the greatest of all; too much cleverness and too much learning, accompanied with ill bring-up, are far more fatal.

လုံးဝမသိနားမလည်ခြင်းသည် သိပ်မဆိုးရွားသေးသော ညံ့ဖျင်းမှုတစ်ခုသာဖြစ်ပြီး ကြီးကျယ်မြင့်မြတ်မှုနှင့် ဝေးကွာနေသည်။ မလိုတမာစိတ် အဖော်အဖြစ်လိုက်ပါလျက်ရှိသည့် လည်လည်ပတ်ပတ် ရှိလွန်းခြင်းနှင့် တတ်သိလွန်းခြင်းတို့ကမူ ကြီးကျယ်မြင့်မြတ်မှုနှင့် ပို၍ဝေးကွာကာ ပိုမိုဆိုးရွားစေနိုင်ပေသည်။

ပလေတို (ဂရိလူမျိုး စာရေးဆရာနှင့် အတွေးအခေါ်ပညာရှင်)

ဖြစ်ပုံက .... **ဘဝအမောပြေ**

တရားသူကြီးတစ်ဦးထံသို့ အမျိုးသားတစ်ဦး ရောက်ရှိလာပြီး တိုင်ကြားလေသည်။

အမျိုးသား ။ ။ အမှုတိုင်ချင်လို့ပါ။
တရားသူကြီး ။ ။ ဘာဖြစ်တာလဲ
အမျိုးသား ။ ။ ဆေးလိမ်ရောင်းလို့ပါ။
တရားသူကြီး ။ ။ ကဲ…ဖြစ်စဉ်ပြောပါဦး။
အမျိုးသား ။ ။ ကျွန်တော်ညဘက်အိပ်မရတာမို့ ဆေးဆိုင်မှာ အိပ်ဆေးသွားဝယ်ပါတယ်။
တရားသူကြီး ။ ။ ဟုတ်ပြီ- အဲဒီတော့ဘာဖြစ်လဲ။
အမျိုးသား ။ ။ ကျွန်တော့်ကို ဆေးလိမ်ပြီးရောင်းလိုက်ပါတယ်။
တရားသူကြီး ။ ။ ဘာဆေးတွေရောင်းလိုက်လို့လဲ။
အမျိုးသား ။ ။ အိပ်ဆေးရော ဝမ်းနုတ်ဆေးအပြင်းစားပါ ရောပြီးရောင်းလိုက်တယ်။
တရားသူကြီး ။ ။ **'ဟေ'**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အလုပ်သမားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဦးအောင်ကြည် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၅

အလုပ်သမားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ဦးစီးအရာရှိများ တက်ရောက်ကြပြီး ဝန်ကြီး ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တင်ပြ

ယင်းနောက် ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြကြသည်။

ဆွေးနွေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်က ဆွေးနွေးမှာကြားပြီး ရှေ့လုပ်ငန်းစဉ်များ၊ လုပ်ငန်းတာဝန်များကို ချမှတ်ပေးကာ ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၀၉ ခုနှစ် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (က)အဆင့်၊ (ခ)အဆင့် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစန်းမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အသင်းများနှင့် လက်ဝှေ့အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲဖွင့်

အခမ်းအနားတွင် ရှေးဦးစွာမြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်**(အောက်ပုံ)**က အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများ အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။ ယင်းနောက် ပထမနေ့ပွဲစဉ်များအဖြစ် (က)အဆင့် ဘင်ဝိတ်တန်း နှစ်ပွဲ၊(ခ)အဆင့် ဖယ်သာဝိတ်တန်း လေးပွဲ၊ ဘင်ဝိတ်တန်း နှစ်ပွဲ၊ ဖလိုင်းဝိတ်တန်း သုံးပွဲနှင့် လိုက်ဖလိုင်းဝိတ်တန်းတစ်ပွဲ ကျင်းပသည်။

၁၄ သင်းပါဝင်

ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၉ရက်အထိနေ့စဉ် ညနေ ၃နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး အသင်းပေါင်း ၁၄သင်းမှ ပါဝင်ဆင်နွှဲလျက်ရှိသည်။

(မြန်မာ့အလင်း)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

● *ကျောဖုံးမှ*

ကမ္ဘာ့အပူချိန်သည် နှစ်ပေါင်း ၁၀၀အတွင်း ၂ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ တိုးမြင့်ပူနွေးလာရာ ဂရင်းလန်းနှင့် အန္တာတိကတို့မှ ရေခဲပြင်ကြီးများ အရည်ပျော်မှု ပိုမိုမြန်ဆန်လာပြီး ပင်လယ်နှင့်သမုဒ္ဒရာတို့၏ မျက်နှာပြင် မြင့်တက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

နေ့စဉ်ဖြစ်ပေါ်

ထို့အတူ ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ရေခဲတောင်များ အရည်ပျော်မှု နေ့စဉ်ဖြစ်ပေါ်လျက်ရှိပြီး ပင်လယ်သမုဒ္ဒရာအတွင်းသို့ စီးဆင်းခြင်းကြောင့်လည်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်သည့် အချက်တစ်ချက်ပင် ဖြစ်သည်။

တစ်ဖန် ရာသီဥတု ပြောင်းလဲလာခြင်းသည် ကမ္ဘာတစ်ဝန်း အချို့ဒေသများ၌ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခြင်းများ ဖြစ်ပေါ်စေပြီး ရေလွှမ်းမိုးခြင်းများဖြစ်ကာ မြစ်ချောင်းများမှတစ်ဆင့် ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများအတွင်း စီးဝင်ခြင်းကြောင့်လည်း ကမ္ဘာ့ပင်လယ် ရေမျက်နှာပြင်မြင့်တက်မှုကို တွန်းအားပေးသကဲ့သို့ ဖြစ်စေခဲ့သည်။

မြင့်တက်ခဲ့

ကမ္ဘာ့သမိုင်းမှတ်တမ်းများအရ အလယ်ခေတ်ဟုခေါ်သည့် ၁၂ရာစုနှစ်များတွင် ကမ္ဘာ့အပူချိန်မြင့်တက်ခဲ့ဖူးရာ ထိုစဉ်က ပင်လယ်နှင့်သမုဒ္ဒရာတို့၏ မျက်နှာပြင်သည် စင်တီမီတာ ၂၀ခန့် အထိသာ မြင့်တက်ခဲ့ဖူးသည်။

ထို့အတူ ၁၈ရာစုခေတ်ကလည်း ကမ္ဘာတစ်ဝန်း အပူချိန်အနည်းငယ်မြင့်တက်ခဲ့ရာတွင် ပင်လယ်နှင့်သမုဒ္ဒရာတို့၏ ရေမျက်နှာပြင်သည် ၂၅စင်တီမီတာ အထိမြင့်တက်ခဲ့သည်။ ထိုသို့သော ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုမှာ ယနေ့ ဖြစ်ပေါ်နေသော ပင်လယ်နှင့် သမုဒ္ဒရာရေမျက်နှာပြင်မြင့်တက်မှုထက် များစွာလျော့နည်းခဲ့သည်။

ပိုမိုလာမည်

လာမည့်ရာစုနှစ်များတွင် အပူချိန်ပျမ်းမျှ ၃ဒီဂရီစင်တီဂရိတ်အထိ ပိုမိုလာမည်ဖြစ်ပြီး ပင်လယ်နှင့်သမုဒ္ဒရာတို့၏ မျက်နှာပြင်သည်လည်း လက်ရှိအနေအထားထက် အနည်းဆုံး သုံးပေအထိမြင့်တက်လာဖွယ်ရှိနိုင်ကြောင်းသိရသည်။

ကမ္ဘာ့ရာသီဥတုပူနွေးလာမှုကြောင့် လာမည့်နှစ်အနည်းငယ်အတွင်း ရေခဲပြင်များအရည်ပျော်မှုလျင်မြန်လာမည်ဖြစ်ရာ ပင်လယ်နှင့်သမုဒ္ဒရာတို့၏ ရေမျက်နှာပြင်သည် တစ်နှစ်လျှင် အနည်းဆုံး ၁၁မီလီမီတာ မြင့်တက်လာမည်ဟု ဖင်လန်သုတေသန ပညာရှင်များက ခန့်မှန်းသတိပေးထားသည်။ ။ (ကိုးကား-အင်တာနက်)

ရန်ကုန်မြောက်ပိုင်းခရိုင် ယာဉ်မောင်းများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုင်းယာဉ်လိုင်း လုပ်ငန်းကော်မတီ ဌာနခွဲ (၃)မှ ကြီးမှူးဖွင့်လှစ်သော ယာဉ်မောင်းများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂၃ရက် ညနေ ၅ နာရီက အဆိုပါကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပို့ချ

အခမ်းအနားတွင် ခရိုင်ယာဉ်လိုင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတင်ယုက အဖွင့်အမှာစကား ပြောကြား၍ သီရိမြိုင် သင်တန်းကျောင်းအုပ်ကြီး ဒုရဲမှူး ချန်ထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး တည်ဆဲဥပဒေ၊ ဒေသန္တရဥပဒေ၊ ယာဉ်တိုက်ခိုက်မှုကျဆင်းလျော့နည်းရေးခေါင်းစဉ်ဖြင့် ဟောပြောပို့ချသည်။ **(အပေါ်ပုံ)**

တက်ရောက်

ဆက်လက်၍ တိုင်းယာဉ်လိုင်းလုပ်ငန်း ကော်မတီဝင် ဌာနခွဲ(၃) ဌာနခွဲမှူး ဦးထွန်းတင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၁၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း သ ဘာ ဝ ဘေး အင် တာ နက် ဖောင် ပိတ် သ တင်း

စပိန်နှင့်ပြင်သစ်အနောက်တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ် ပေ၆၀မြင့်သည့် လှိုင်းလုံးများဖြစ်ပေါ်၊ ၁၅ဦးသေဆုံး အိမ်များပျက်စီး

ဘာစီလိုနာ ဇန်နဝါရီ ၂၅

စပိန်နိုင်ငံမြောက်ပိုင်းနှင့် ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းဒေသများတွင် ဇန်နဝါရီ၂၅ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ၁၅ဦးသေဆုံးပြီး နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း စပိန်နိုင်ငံမိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

ပျောက်ဆုံး

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၁၀၇မိုင်နှုန်းတိုက်ခတ်ခဲ့သဖြင့် နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးကာ ဓာတ်အားတိုင်များ ပြိုလဲခဲ့ကြောင်း၊ လူအချို့ ပျောက်ဆုံးလျက်ရှိကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

အဆိုးရွားဆုံး

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပင်လယ်ပြင်တွင် ပေ၆၀ခန့်မြင့်သော လှိုင်းလုံးကြီးများ ဖြစ်ပေါ်ခဲ့ကာ ကမ်းရိုးတန်းဒေသများသို့ ရိုက်ခတ်ခဲ့သဖြင့် သင်္ဘောနှင့် စက်လှေအချို့ ပျက်စီးခဲ့ကြောင်း၊ ၁၉၉၉ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး မုန်တိုင်းတိုက်ခတ်မှုဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်၌ ကူးတို့သင်္ဘောနစ်မြုပ် လူ ၄၀ သေဆုံး၊ ငါးဦးပျောက်ဆုံးနေ

ဟန္နိုင်း ဇန်နဝါရီ ၂၅

ဗီယက်နမ်နိုင်ငံ ကျောင်ဘင်ပြည်နယ် ရိုင်အင်မြစ်အတွင်း ဇန်နဝါရီ၂၅ရက်က ကူးတို့သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ ခရီးသည် ၄၀ သေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း ဗီယက်နမ် အရာရှိများက ပြောကြားသည်။

ကယ်ဆယ်နိုင်ခဲ့

အဆိုပါကူးတို့သင်္ဘောသည် ခရီးသည် ၈၀ကိုတင်ဆောင်ကာ ဆိပ်ကမ်းမှ စတင်ထွက်ခွာလာရာ မကြာမီမုန်တိုင်းမိကာ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ခရီးသည် ၄၀ခန့်ကို ကယ်ဆယ်ရေးအဖွဲ့များကအမြန်ရေယာဉ်များဖြင့် ကယ်ဆယ်နိုင်ခဲ့ကြောင်းသိရသည်။

ဩစတြေးလျ၌ မိုးသက်လေပြင်း တိုက်ခတ် နေအိမ်များပျက်စီး၊ ဓာတ်အားများပြတ်တောက်

ဆစ်ဒနီ ဇန်နဝါရီ ၂၅

ဩစတြေးလျနိုင်ငံဆစ်ဒနီမြို့ အနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများသို့ ဇန်နဝါရီ ၂၅ရက်က တစ်နာရီ မိုင် ၆၀နှုန်း မိုးသက်လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် ဓာတ်အားကြိုးများပြတ်တောက်ကာ အိမ် ၁၀၀၀၀ခန့် ဓာတ်အားပြတ်တောက်ခဲ့ကြောင်း ဩစတြေးလျနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများကပြောကြားသည်။

ပြတ်တောက်

မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးကာ သစ်ပင်များ အမြစ်မှပြိုလဲခဲ့ကြောင်း ကမ်းရိုးတန်း ဒေသများတွင် လျှပ်စစ်ဓာတ်အားကြိုးများ ပြတ်တောက်သွားကြောင်း၊ ဓာတ်တိုင်အချို့ ပြိုလဲခဲ့ကြောင်းသိရသည်။

ငွေသော်တာကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၅

ဦးရန်နိုင် Y.C.D.C. Swimming Club. နှင့် Restaurantသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဇန်နဝါရီ ၂၂ရက် ညနေ ၄နာရီခွဲက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၂ ၌ ကိုက် ၁၅၀အကွာမှ Beres No.3 ဘောလုံးကို Honma Beres No.9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးထွန်းရီ၊ ဦးခင်မောင်ဆွေနှင့် ဦးပီတာ (MYASI Int'l Co.,Ltd.) တို့အတူ ကစားလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဝန်ထမ်းများရွေးချယ်ပုံသမိုင်း စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က မြန်မာနိုင်ငံဝန်ထမ်းများ ရွေးချယ်ပုံသမိုင်း စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်ကို အများပြည်သူတို့ သိရှိနိုင်စေရန်နှင့် သမိုင်းမှတ်တမ်းအဖြစ် စနစ်တကျ ထိန်းသိမ်းထားရှိနိုင်စေရန်ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစာအုပ်တွင် အခန်းခုနစ်ခန်း ပါရှိပြီး အခန်း(၁)တွင် မြန်မာမင်းများ လက်ထက် ဝန်ထမ်းရွေးချယ်ခန့်ထားသည့် စနစ်များ၊ အခန်း(၂)တွင် ကိုလိုနီခေတ် မြန်မာနိုင်ငံ ဝန်ထမ်းရွေးချယ်ခန့်ထားရေး စနစ်များ၊ အခန်း(၃)တွင် ဒုတိယကမ္ဘာစစ် အတွင်းကာလ ဝန်ထမ်းရွေးချယ်ခန့်ထားရေးစနစ်များ၊ အခန်း(၄)တွင် လွတ်လပ်ရေး ရပြီးချိန်မှ အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်ချိန်အထိ ရွေးချယ်ခန့်ထားသည့်စနစ်များ၊ အခန်း(၅)တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် အဖွဲ့၏ရွေးချယ်ရေးတာဝန်များ၊ အခန်း(၆)တွင် ဝန်ထမ်းများ လေ့ကျင့်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းခြင်း၊ အခြားဝန်ထမ်းရေးရာကိစ္စရပ်များဆိုင်ရာ ဆောင်ရွက်သည့် နည်းစနစ်များနှင့် အခန်း(၇) နိဂုံးတို့ကိုဖော်ပြထားပြီး စုစုပေါင်းစာမျက်နှာ ၃၀၅မျက်နှာ ပါရှိသည်။

တန်ဖိုးမဖြတ်နိုင်

ဤစာအုပ်ကိုဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ တာဝန်ပေးချက်အရ ဝန်ထမ်းရေးရာ ဦးစီးဌာနက တာဝန်ယူ၍ မြန်မာနိုင်ငံ ဝန်ထမ်းများ ရွေးချယ်ပုံသမိုင်း ပြုစုရေးအဖွဲ့က သမိုင်းသုတေသနဦးစီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်၊ တပ်မတော်မော်ကွန်းတိုက်၊တက္ကသိုလ်များစာကြည့်တိုက်တို့တွင် စုဆောင်းထားရှိသော ရှားပါးသည့် သမိုင်းအထောက်အထား၊ အချက်အလက်များကို သုတေသနပြုစုမှတ်တမ်းတင်ခြင်း သာမက အတွေ့အကြုံရှိသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့်လည်းတွေ့ဆုံမေးမြန်း၍ ပြုစုထားကြောင်း၊ အခန်းတိုင်း၌ ရည်ညွှန်းချက် မှတ်စုများထည့်သွင်းဖော်ပြထားသဖြင့် သမိုင်းအထောက်အထားရှာမှီးလိုသူ သုတေသီများအတွက် တန်ဖိုးမဖြတ်နိုင်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

ဤစာအုပ်ကို နေပြည်တော်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ရုံးအမှတ်(၁၇)နှင့် ဝင်းသူဇာအရောင်းဆိုင်များ၊ စာပေဗိမာန်စာအုပ်ဆိုင်၊နေပြည်တော်ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက် (ဆူးလေဘုရားလမ်း)၊ စာပေဗိမာန်စာအုပ်ဆိုင် (ကုန်သည်လမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် (သိမ်ဖြူလမ်း) တို့တွင်တစ်အုပ်လျှင် ငွေကျပ်၂၀၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ရှိ လျှပ်စစ်ဓာတ်အား ထိန်းချုပ်ဖြန့်ဖြူးမှု အခြေအနေများ

လျှပ်စစ်(၂)ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၂၃ရက် ညနေ၃နာရီက ရန်ကုန်မြို့ အလုံမြို့နယ် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားကွပ်ကဲရေးဌာန(ရန်ကုန်)သို့ သွားရောက်၍ ဓာတ်အားစနစ်အတွင်း တပ်ဆင်မဂ္ဂါဝပ်အင်အား အခြေအနေ၊ ဓာတ်အားလက်ခံရရှိမှု အခြေအနေနှင့် ဖြန့်ဖြူးပေးနိုင်မှု အခြေအနေ၊ ဓာတ်အားစနစ်အတွင်း Data Acquistion System ဖြင့် Data များ ပို့လွှတ်လက်ခံမှုအခြေအနေ၊ ကွန်ပျူတာစနစ်ဖြင့် ဓာတ်အားကွပ်ကဲ ထိန်းချုပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းမီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ဇန်နဝါရီ၂၀ရက်က ပဲခူးတိုင်း သာယာဝတီ၊ လက်ပံတန်း၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်နှင့် ရွှေတောင်မြို့နယ် မီးသတ်စခန်းများကို လည်းကောင်း၊ ဇန်နဝါရီ ၂၁ရက်တွင် ပန်းတောင်းမြို့၌ နှစ်ယူနစ်နှစ်ထပ်မီးသတ်စခန်း အဆောက်အအုံဆောက်လုပ်နေမှုကိုလည်းကောင်း၊ ဇန်နဝါရီ၂၂ရက်တွင် ပြည်မြို့မီးသတ်စခန်းနှင့် အရန်မီးသတ်စခန်းများဖြစ်သော ဆေးရေးမီးသတ်စခန်း၊ ဆံတော်မီးသတ်စခန်း၊ နဝင်းမီးသတ်စခန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

ဖန်းမောက်တွင် မြို့အဝင်လမ်းတိုးချဲ့

ဖန်းမောက် ဇန်နဝါရီ ၂၅

ဖန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဒီဇင်ဘာ၃ရက်က အမှုဆောင်အရာရှိ ဦးကျော်နန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့်တို့နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးချစ်တင်တို့သည် မြို့အဝင်လမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ် စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၅

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့တံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီက ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်မဏ္ဍပ်၌ ကျင်းပသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးချမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဝင်သက်ကြီးအဘိုး၊ အဘွားများအား ပူဇော်ကန်တော့ကြကာ ဘွဲ့တံဆိပ်ရရှိသူများအား ဂုဏ်ပြုကြသည်။ **(ယာပုံ)**

ရွေးချယ်တင်မြှောက်

ဆက်လက်၍ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်တို့၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ကြပြီး အလုပ်အမှုဆောင်အဖွဲ့၏

အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြကာ ဥက္ကဋ္ဌ ဦးချမ်းမောင်၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦးနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြတင်တို့ ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

ထန်တလန်၌ စာကြည့်တိုက်များအတွက်လှူဒါန်း

ထန်တလန်မြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအား ငွေပဒေသာပင်၊ စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ၁၈ရက် နံနက်၁၀နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးနီကျင်က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားပြီး မြို့နယ်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက သုတ၊ရသစာအုပ်များနှင့် အလှူငွေများကို အလှူရှင်များကိုယ်စား ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ပေါက်မြို့နယ် ပန်းခြံနှင့်ပျိုးဥယျာဉ်များ စစ်ဆေး

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်သည် ဇန်နဝါရီ၂၁ရက်က ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာပြီး ပန်းခြံနှင့်ပျိုးဥယျာဉ်တို့အား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟစိုးတို့က ရှင်းလင်းတင်ပြသည်။ *(ဝ၇ဝ)*

ချီချောင်းကြိုးတံတား ဆောင်ရွက်မှု ကြီးကြပ်

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့နှင့် လွှန်းကျေးရွာအကြား ဆက်သွယ်ထားသည့် ချီချောင်း ချောင်းကူးကြိုးတံတား ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၈ရက်က ကျောက်ထုမြို့စည်ပင်သာယာရေးအဖွဲ့ မြို့တာဝန်ခံ ဦးမောင်မောင်ခင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်အောင်ကိုတို့က ကြီးကြပ်ပေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

သတင်းစာနေ့ချင်းဖတ်ခွင့်ရ၍ ကလောပြည်သူများဝမ်းမြောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကိုယ်ပွားသတင်းစာတိုက်မှ ပုံနှိပ်ထုတ်ဝေသည့် နေ့စဉ်ထုတ်သတင်းစာ မြန်မာ့အလင်းနှင့် ကြေးမုံနှစ်မျိုးလုံးကို နေ့စဉ်အချိန်မှန် နေ့ချင်းဖတ်ရှုနေရ၍ ကလောမြို့မှ လပေးသတင်းစာ ဖတ်ရှုသူများ ဝမ်းမြောက်လျက်ရှိကြပြီး လစဉ်ဖတ်ရှုသူဦးရေ တိုးပွားလာနေကြောင်း သိရသည်။

(ဝ၂၄)

စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီရှင်သန်ရေး ဟောပြော

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောပွဲကို ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက မူးသာအုပ်စု ကျီးအိုင်ရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌လည်းကောင်း၊ ညနေပိုင်းတွင် မုံတော(မြောက်)ကျေးရွာ အမကကျောင်း၌လည်းကောင်း ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

ဟုမ္မလင်း ပင်ဖားဖားကျေးရွာ အလကကျောင်းခွဲဖွင့်

ဟုမ္မလင်းမြို့နယ် ပင်ဖားဖားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၉နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးကျင်ခိုင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထားစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းပညာရေးမှူးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

စာမေးပွဲအောင်ချက်မြင့်မားရေး အနီးကပ်ပို့ချ

ကသာခရိုင် ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မြင့်မားရေး အနီးကပ်ပို့ချမှုကို ကောလင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမနှင့် အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမတို့၌ ရွှေဘိုဒီဂရီကောလိပ်မှ ဆရာများက ဇန်နဝါရီ ၁၃ရက်မှ ၁၄ရက်အထိနှစ်ရက်ကြာဟောပြောပို့ချခဲ့သည်။(မြို့နယ် ပြန်/ဆက်)*

မိုးညှင်း စဝ်စံထွန်းလမ်း ကျောက်ခင်းဆောင်ရွက်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုသည် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော စဝ်စံထွန်းလမ်း ကတ္တရာခင်းရန်အတွက် အောက်ခံကျောက်များခင်းခြင်းလုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၁၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ၊ လက်ထောက်အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

ဟိုပင်ပျိုးဥယျာဉ်၌ ပျိုးပင်များစိုက်ပျိုး

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များစိုက်ပျိုးထားရှိမှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ဒီဇင်ဘာ ၁၉ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွဋ်တို့က ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

စစ်တွေမြို့ မေယုလမ်းကတ္တရာခင်း

စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မေယုလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၄ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နုနှင့် အမှုဆောင်အရာရှိ ဦးဖုန်းလွင်တို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ***(မြို့နယ်စည်ပင်)***

✳ ရှေ့ဖုံးမှ

မော်တော်ကားမှာ ရန်ကုန်-စစ်တွေ ကားလမ်းမကြီးအတိုင်း မြောက်ဦးမြို့သို့ ဦးတည်မောင်းနေသည်။

ကြိုဆို

သတင်းအဖွဲ့ တည်းခိုရမည့် မြောက်ဦးဟိုတယ်သို့ နံနက်၁၀နာရီခန့်ရောက်ရှိသွားရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးကျော်လှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးစောသိန်း၊ မြောက်ဦးဟိုတယ်မန်နေဂျာ ဦးအောင်မျိုးသိန်းတို့က ဟိုတယ်ဧည့်ခန်းမတွင် ကြိုဆိုကြသည်။

လှပသည့် အဆောက်အအုံများ၊ သစ်ပင်ကြီးငယ်များနှင့် ကြည့်ချင်စဖွယ် မြောက်ဦးဟိုတယ်ကို လမ်းလျှောက်ကြည့်ပြီး ဧည့်ကြိုခန်းမတွင် ဟိုတယ်မန်နေဂျာ ဦးအောင်မျိုးသိန်း၊ ဧည့်ကြိုတာဝန်ခံ ဒေါ်ဆန်းဆန်းနွယ်တို့အား တွေ့ဆုံကာ သိလိုသမျှ မေးမြန်းခဲ့သည်။

မြောက်ဦးဟိုတယ်

"ကျွန်တော်တို့ မြောက်ဦးဟိုတယ်ဟာ ရန်ကုန်-စစ်တွေ ကားလမ်းမကြီး မြောက်ဦးမြို့အရှေ့ဘက် ညောင်ပင်ဈေးရပ်ကွက် သျှစ်သောင်းဘုရားအနီးမှာ တည်ရှိပါတယ်။ မြောက်ဦးဟိုတယ်ကို ၁၉၉၆ခုနှစ် စက်တင်ဘာ ၁၈ရက်မှာ ဖွင့်လှစ်ခဲ့ပြီး ၅ဒသမ ၅၄ဧက ကျယ်ဝန်းတဲ့ မြေပေါ်မှာ အိပ်ဆောင် အဆောက်အအုံများ၊ ဧည့်ကြို ခန်းမဆောင် ရုံးခန်း၊ စားသောက်ခန်းမဆောင်၊ မီးဖို၊ မီးစက်စသည့် အဆောက်အအုံများ၊ လှပသည့် ပင်လယ်ကဗွီး၊ စကျွန်ပန်း၊ ရွက်လှပန်းနှင့် အခြားသစ်ပင်များ စိုက်ပျိုးထားပြီး နေချင့်စဖွယ် ပြုလုပ်ထားပါတယ်" ဟု မန်နေဂျာ ဦးအောင်မျိုးသိန်းက ပြောပြသည်။

လည်ပတ်လျက်ရှိ

မြောက်ဦးဟိုတယ်မှာ အထူးဆောင် လေးဆောင် ရှစ်ခန်းနှင့် ရိုးရိုးဆောင် ရှစ်ဆောင် ၁၆ခန်း စုစုပေါင်း ၂၄ခန်းဖြင့် လုပ်ငန်းစတင်လည်ပတ်ခဲ့ပြီး ၂၀၀၂ခုနှစ် မေ ၂ရက်တွင် အထူးဆောင်နှစ်ဆောင်ကို အရေးကြီးပုဂ္ဂိုလ် တည်းခိုရန်အတွက် အကြီးစား ပြုပြင်ခဲ့သည်။ သတင်းအဖွဲ့ရောက်ရှိချိန်တွင် Presidensial Suite (အထူးခန်း) တစ်ခန်း၊ Suite ခြောက်ခန်း၊ Perior ၁၆ခန်းစုစုပေါင်း ၂၃ခန်းဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသည်။

မြောက်ဦးဟိုတယ်မှ သပ်ရပ်လှပပြီး စိမ်းစိုလှပသော သစ်ပင်များနှင့် နှစ်ယောက်အိပ် အိပ်ဆောင်နှစ်ဆောင်ပါ အဆောင်ကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

အကျယ်အဝန်း

Superior ၏အကျယ်အဝန်းမှာ အိပ်ခန်း အလျား ၁၆ပေ၊ အနံ ၁၈ပေ၊ အမြင့် ကိုးပေဖြစ်ပြီး ရေချိုးခန်းမှာ အလျား ခြောက်ပေ၊ အနံ ၁၂ပေ၊ အမြင့်ကိုးပေဖြစ်သည်။ Suite မှာ ဧည့်ခန်းအလျား ၁၂ပေ၊ အနံ ၁၈ပေ၊ အမြင့်ကိုးပေဖြစ်ကာ အိပ်ခန်း အလျား ၁၆ပေ၊ အနံ ၁၈ပေ၊ အမြင့် ကိုးပေဖြစ်၍ ရေချိုးခန်းမှာ အလျား ၁၂ပေ၊ အနံ ၁၂ပေ၊ အမြင့်ကိုးပေဖြစ်ကြောင်း သိရသည်။

မြောက်ဦးဟိုတယ် အထူးဆောင်၏ သပ်ရပ်လှပသည့် ဧည့်ခန်းမဆောင်ကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

လိုက်လံပြသ

မန်နေဂျာ ဦးအောင်မျိုးသိန်းက မြောက်ဦးဟိုတယ်အတွင်းရှိအဆောက်အအုံများနှင့် အိပ်ခန်းများကို လိုက်လံပြသပြီး ဧည့်ကြိုတာဝန်ခံ ဒေါ်ဆန်းဆန်းနွယ်က "ကျွန်မတို့ ဟိုတယ်က ကြက်၊ ဝက်၊ အမဲ၊ ဆိတ် အစရှိတဲ့ အသားဟင်း တစ်ခွက်နဲ့ ဒေသထွက်သီးနှံ ဆီပြန်ချက်ထားတဲ့ ခရမ်းသီးနှပ်၊ ပဲသီး အစရှိတဲ့ အရန်ဟင်း တစ်ခွက်၊ တို့စရာအသီးအရွက်၊ ငရုတ်သီးကြိတ်ထောင်း ဟင်းချို အပါအဝင် တစ်ယောက်အစား ကျပ်၂၄၀၀ ပါ။ အသားဟင်းတစ်ပွဲ ထပ်ယူတိုင်း ကျပ် ၁၂၀၀ တိုးပါတယ်။ ပြည်ပခရီးသည်အားလုံး ဈေးနှုန်းအတူတူ ဖြစ်ပါတယ်။ ဧည့်သည်အကြိုက် ကြိုတင်မှာရင် ဟိုတယ်က စားဖိုမှူးများက အဆင့်မီ ချက်ပြုတ်နိုင်ပါတယ်" ဟု ဒေါ်ဆန်းဆန်းနွယ်က လိုက်လံပြသ ရှင်းပြသည်။

ယမန်နှစ်က ပြည်ပ ဧည့်သည် ၁၂၀၊ ပြည်တွင်းဧည့်သည် ၁၈၂၄ ဦး လာရောက်တည်းခိုခဲ့ကြောင်း သိရသည်။

အဆင်ပြေ

မြောက်ဦးမြို့တွင် နဝရတ်ဟိုတယ်၊ မြောက်ဦးမင်းသမီးဟိုတယ်၊ ဝေသာလီဟိုတယ်၊ မင်းသားဟိုတယ်များနှင့် ပုဂ္ဂလိက သန့်ရှင်းသည့် ဝတီထွန်းတည်းခိုခန်း အပါအဝင် တည်းခိုခန်းများ ရှိနေသည်။ ရန်ကုန်မှ မြောက်ဦးသို့ လူတစ်ဦး ကျပ်နှစ်သောင်းနှင့် မော်တော်ကား တိုက်ရိုက်ပြေးဆွဲကာ မြောက်ဦးမြို့ပေါ် ဂျစ်ကား တစ်နေ့ ကျပ်တစ်သောင်းငါးထောင်နှင့် ငှားရမ်းရသဖြင့် အဆင်ပြေလှသည်။

နှစ်သစ်အကြို

သတင်းအဖွဲ့ မြောက်ဦးဟိုတယ်သို့ ရောက်သည့်နေ့သည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၁ရက် ဖြစ်သဖြင့် နှစ်သစ်အကြို မီးပုံပွဲနှင့် ညစာစားပွဲ၊ ကာရာအိုကေ သီချင်းဆိုပွဲကို လက်မှတ်တစ်စောင် ကျပ် ၇၀၀၀ဖြင့် ရောင်းချခဲ့ရာ မြောက်ဦးဟိုတယ်၏ စီစဉ်မှုမှာ ဒေသခံများ ပျော်ရွှင်ကြည်နူးစွာဖြင့် ၂၀၀၉ခု နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

ကျောက်တော်မြို့နှင့် ၂၁မိုင်ခန့်သာ ကွာဝေးသဖြင့် ခရီးဆက်လိုသူများအတွက် များစွာ အဆင်ပြေလှသဖြင့် မြောက်ဦးမြို့သို့ ရောက်လျှင် မြောက်ဦးဟိုတယ်၌ တည်းခိုလိုပါလျှင် ဖုန်း-၀၄၃-၂၂၃၀၀ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းစကား ပါးလိုက်ရသည်။ ။

(မြန်မာ့အလင်း)

ရခိုင်ပြည်နယ် မြောက်ဦးမြို့ မြောက်ဦးဟိုတယ်မှ နေချင့်စဖွယ် အဆောက်အအုံများကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

ကာဒစ်ဖ်နှင့် အာဆင်နယ်တို့ ဂိုးမရှိသရေပွဲဖြစ်

လီဗာပူးတို့လည်း အိမ်ကွင်း၌ အနိုင်အရှုံးမပေါ်

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

လန်ဒန် ဇန်နဝါရီ ၂၅

အက်ဖ်အေဖလား စတုတ္ထအဆင့် လက်ကျန် ပွဲစဉ်များကို ဇန်နဝါရီ ၂၅ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အာဆင်နယ်တို့ အဝေးကွင်း၌ ကာဒစ်ဖ်ကို ဂိုးမရှိ သရေပွဲသာ ကစားနိုင်ခဲ့သည်။

ကာဒစ်ဖ်နှင့် အာဆင်နယ်

အာဆင်နယ်တို့ အဝေးကွင်း၌ ကာဒစ်ဖ်ကို အသာစီးမှ မကစားနိုင်ခဲ့ချေ။ ဗန်ပါစီနှင့် ဘင့်တနာတို့ တိုက်စစ်အတွဲက ကာဒစ်ဖ် နောက်တန်းကို ဖြတ်ကျော်ကာ ဂိုးသွင်းခွင့် ၁၅ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့သော်လည်း ဂိုးဝင်အောင်မသွင်းနိုင်ခဲ့ချေ။ ၃၁မိနစ်၌ ဗန်ပါစီ ကန်သွင်းချက်နှင့် ၄၇မိနစ်၌ နာဆရီတို့၏ ကန်သွင်းချက်များကို ကာဒစ်ဖ် ဂိုးသမား ပီတာအင်ကီလ်မင် ကာကွယ်နိုင်ခဲ့သည်။ ထို့အတူ ၇၅မိနစ်၌ အာဆင်နယ်နောက်ခံလူ တိုရေး၏ အလွတ်တည်ကန်ဘောမှာလည်း လွဲချော်သွားသဖြင့် အာဆင်နယ်တို့ ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။

ကာဒစ်ဖ်တို့ကလည်း အိမ်ကွင်း၌ အာဆင်နယ်ကို ခြေရည်တူ ကစားနိုင်ခဲ့ရာ ကာဒစ်ဖ်တိုက်စစ်မှူး ဘိုသရော့နှင့် မိုက်ကောမက်တို့၏ အပိုင်ကန်သွင်းမှုလေးကြိမ်ကို အာဆင်နယ်ဂိုးသမား လူကတ်ဖ်က ကာကွယ်သွားနိုင်ခဲ့သည်။ အာဆင်နယ်တို့က ဒုတိယပိုင်း၌ ရမ်ဆေးအစား ဒီရာဘိုင်၊ အီဘူးအစား အဒီဘာယောနှင့် ဘင့်တနာအစား ဝီလ်ရှီရီတို့ကို ထည့်သွင်းပြီး တိုက်စစ်အရှိန်မြှင့်ခဲ့သော်လည်း တိုက်စစ်မှူးများ ရသည့်အခွင့်အရေးကို အသုံးမချနိုင်ခဲ့၍ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။

အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်အဖြစ် လီဗာပူးနှင့်အဲဗာတန်တို့ ပွဲတွင် အဲဗာတန်မှ လက်စ်ကော့(နံပါတ်-၅) ဉီသို့ ဂိုးသွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

လီဗာပူးနှင့် အဲဗာတန်

ထို့အတူ လီဗာပူးနှင့် အဲဗာတန်တို့ပွဲတွင် အဲဗာတန်အတွက် ၂၇မိနစ်၌ နောက်ခံလူ လက်စ်ကော့က ဂိုးသွင်းယူပြီး လီဗာပူးအတွက် ချေပဂိုးကို ဂျရတ်က ၅၄မိနစ်၌ သွင်းယူခဲ့၍ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

စီးရီးအေ၌ အေစီတို့ လေးဂိုးသွင်းပြီး နိုင်ပွဲရ

ရောမ ဇန်နဝါရီ ၂၅

အီတလီစီးရီးအေ ပွဲစဉ်(၂၀) လက်ကျန်ပွဲများကို ဇန်နဝါရီ ၂၅ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အေစီမီလန်တို့ အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဘိုလော့နာတို့က ပွဲချိန် ၉မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ရာ ဘိုလော့နာတိုက်စစ်မှူး ဒီဗာရီရိုက ကန်သွင်းယူခဲ့သဖြင့် စောစီးစွာ အဖွင့်ဂိုးရရှိခဲ့သည်။

သို့သော် အေစီမီလန်တို့က ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ပြန်လည်ထိုးဖောက်ကစားခဲ့ရာ ၁၃မိနစ်၌ ကွင်းလယ်ကစားသမား ဆီးဒေါ့ဖ်က ခြောက်ကိုက်အကွာမှ အနီးကပ်သွင်းယူခဲ့၍ ချေပဂိုးရရှိခဲ့သည်။ ထို့နောက် ကာကာက ၁၇မိနစ်နှင့် ၄၃မိနစ်တို့၌ ရရှိသော ပယ်နယ်တီများမှ နှစ်ဂိုးဆက်တိုက်သွင်းယူပေးနိုင်ခဲ့သည်။ အေစီမီလန်အတွက် စတုတ္ထဂိုးကို ၅၉မိနစ်၌ ဒေးဗစ်ဘက်ခမ်းက ဆီးဒေါ့ဖ် ချပေးလိုက်သည့် ဘောလုံးမှ တစ်ဆင့် ညာခြေဖြင့် အနီးကပ်သွင်းယူခဲ့သဖြင့် အေစီမီလန်တို့ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရပြီး တန်းစီဇယား တတိယနေရာ၌ ဆက်လက်တည်ရှိနေသည်။

စီးရီးအေ အခြားပွဲရလဒ်များ

ဂျီနိုအာ	၁ - ၁	ကာတာနီယာ
လာဇီယို	၁ - ၄	ကက်ဂလီယာရီ
လက်ချီ	၃ - ၃	တိုရီနို
နာပိုလီ	၀ - ၃	ရိုးမား
ပါလာမို	၃ - ၂	အူဒီးနီးစ်
ဆီနာ	၁ - ၀	အတ္တလန္တာ

လာလီဂါအနိုင်အရှုံး

အယ်လ်မီးရီးရား	၂ - ၁	ဘီလ်ဘာရီ
ဂီတာဖေး	၅ - ၁	စပို့တင်းဂီဂျွန်
မာလာဂါ	၁ - ၁	အက်သလက်တီကို
မာယော့ကာ	၃ - ၁	ဗလင်စီယာ
ရီခရီယေးတီဗို	၁ - ၀	ရီရဲဘက်တစ်
ဗယ်လာဒိုလစ်	၁ - ၁	အက်စ်ပန်းညို

(အင်တာနက်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၈)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို လာမည့်ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက်ရနာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့နေ အသက် ၇၅နှစ်နှင့်အထက် ဝါးခယ်မမြို့နယ်သားအကန်တော့ခံ ဘိုးဘွားများ၊ ဝါးခယ်မမြို့နယ်မှ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆင့်လေး၊ အဆင့်ခုနစ်၊ အဆင့်ကိုး ရရှိကြသည့် ကျောင်းသားများ အပါအဝင်ဘာသာရပ် အသီးသီး၌ ဂုဏ်ထူးရကျောင်းသားများ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များသည် အခမ်းအနားသို့ တက်ရောက်ရန် အသင်းတိုက် တည်ရှိရာ အမှတ်၁၂ စဥ့်အိုးတန်းလမ်း လသာမြို့နယ် ဖုန်း-၂၂၆၅၉၀သို့ ဖေဖော်ဝါရီ၁၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။ တက်ရောက်လာကြသူများအား ဝါးခယ်မ မုန့်ဟင်းခါးဖြင့်ဧည့်ခံ၍ ဝါးခယ်မ နွယ်ဖွားတေးဂီတပညာရှင်များက ဖြေဖျော်ကြမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၅၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော (၅၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

ဆက်ကပ်

အခမ်းအနားတွင် ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ၌ အထူးအောင်ပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်များကို ဆက်ကပ်ကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်က အဂ္ဂမဟာအကျော်ဓမ္မာစရိယပထမ၊ ဒုတိယနှင့် တတိယဆုရ သံဃာတော်များအားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ပထမကျော် ပထမကြီးတန်း ပထမ၊ ဒုတိယနှင့် တတိယဆုရ သံဃာတော်များအားလည်းကောင်း အောင်လက်မှတ်နှင့်ဘွဲ့တံဆိပ်များကို ဆက်ကပ်ကြသည်။

အောင်လက်မှတ်

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းမှူး၏ဇနီးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီးတို့က ပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်များနှင့် တံဆိပ်များကို ဆက်ကပ်ပေးအပ်ခဲ့ကြသည်။

(သတင်းစဥ်)

ကျေးလက်မြေသားလမ်း ခင်းကျင်းမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကော့မှူး ဇန်နဝါရီ ၂၅

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဝါးဘလောက်သောက်-သရက်တော ကျေးလက်မြေသားလမ်း ခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ၂၁ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဇော်မျိုးအောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးတိုးအောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးသန့်ဇင်ဦးတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အရှေ့တောင်အာရှ နိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ-မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၂၅

အရှေ့တောင်အာရှနိုင်ငံအချို့၏ ဇန်နဝါရီ၂၅ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်ပေါ်နိုင်ဖွယ်ရှိသော ရာသီဥတုအနေအထားများကို အင်တာနက်မှရယူကာ ဖော်ပြလိုက်ပါသည်-

ဖိလစ်ပိုင်

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း ဇန်နဝါရီ၂၅ရက်က ပျမ်းမျှအပူချိန် ၂၉ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံအရှေ့တောင်ပိုင်းတွင် တစ်နာရီ ၆မိုင်နှုန်းလေအေးများ တိုက်ခတ်ခဲ့ပြီး ကျန်ဒေသများ၌ သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်နိုင်ငံလုံး တိမ်များဖြစ်ထွန်းမည်ဖြစ်သော်လည်း ကမ်းခြေဒေသများ၌ မိုးအနည်းငယ်ရွာနိုင်သည်။ နေ့အပူချိန်များမှာ ၂၆ဒီဂရီစင်တီဂရိတ်နှင့် ညအပူချိန် ၂၂ဒီဂရီစင်တီဂရိတ်ရှိနိုင်မည်ဖြစ်သည်။ မြို့တော်မနီလာ၌ နေ့အပူချိန်များ ၂၈ဒီဂရီစင်တီဂရိတ်အထိရှိနိုင်မည်ဖြစ်ပြီး တိမ်များကင်းစင်ကာ သာသာယာယာရှိမည်ဖြစ်ကြောင်း ဖော်ပြသည်။

ထိုင်း

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ ဇန်နဝါရီ ၂၅ရက်က အပူချိန် ၃၂ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများတွင် ဆီးနှင်းများကျဆင်းခဲ့ပြီး အအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ တစ်နိုင်ငံလုံး နေ့အပူချိန်ပျမ်းမျှ ၃၁ဒီဂရီစင်တီဂရိတ် ရှိနိုင်မည်ဖြစ်သည်။ ညအပူချိန်များမှာ ၂၀ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းပြီး ဗန်ကောက်မြို့၌ ဆီးနှင်းများကျဆင်းမည်ဖြစ်သည်။ ထိုင်းကမ်းလွန်တွင် မိုးသက်လေပြင်းများကျရောက်နိုင်ပြီး လှိုင်းကြီးနိုင်ကြောင်း ခန့်မှန်းထားသည်။

စင်ကာပူ

စင်ကာပူနိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ၂၅ရက်က ပျမ်းမျှအပူချိန် ၂၆ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ စင်ကာပူနိုင်ငံအရှေ့ပိုင်းဒေသများ၌ နေသာပြီး အနောက်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ အရှေ့မြောက်ဘက်မှလေအေးများ တစ်နာရီ ၇မိုင်နှုန်းတိုက်ခတ်ခဲ့ပြီး တစ်နိုင်ငံလုံး၌ သာယာခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ညအပူချိန်များ အနည်းငယ်ကျဆင်းမည်ဖြစ်ပြီး နေ့အပူချိန်များ ပျမ်းမျှ ၂၇ ဒီဂရီစင်တီဂရိတ်သာရှိနိုင်မည်ဖြစ်သည်။ အချို့ဒေသများ၌ မိုးအနည်းငယ် ဆက်လက်ရွာသွန်းဖွယ်ရှိသည်။ မြောက်ပိုင်းဒေသများတွင် နံနက်ပိုင်းဆီးနှင်းများ ကျဆင်းဖွယ်ရှိကြောင်း ဖော်ပြသည်။

ဘရူနိုင်း

ဘရူနိုင်းနိုင်ငံ မြောက်ပိုင်းဒေသများ၌ မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့သည်။ နေ့အပူချိန်ပျမ်းမျှ ၂၇ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ညအပူချိန် ၂၅ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ မြောက်ပိုင်းဒေသများတွင် မိုးရွာသွန်းခဲ့ပြီး ကျန်ဒေသများ၌ တိမ်များဖြစ်ထွန်းခဲ့သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ဘရူနိုင်းနိုင်ငံမြောက်ပိုင်းနှင့်အရှေ့မြောက်ပိုင်းဒေသတို့တွင် မိုးအနည်းငယ် ဆက်လက်ရွာသွန်းနိုင်သည်။ နေ့အပူချိန်များ အနည်းငယ်ပြန်လည်မြင့်တက်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ တိမ်ထူထပ်နေပြီး နေ့အပူချိန် ၂၇ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ တစ်နိုင်ငံလုံးတွင် တိမ်များဖြစ်ထွန်းခဲ့ပြီး အရှေ့တောင်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နိုင်ငံဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်သည်။ မြောက်ဘက်မှလေများ တစ်နာရီ ၈မိုင်နှုန်း တိုက်ခတ်နိုင်သော်လည်း အင်ဒိုနီးရှားကမ်းလွန်၌ တစ်နာရီ မိုင်၅၀နှုန်း လေပြင်းများတိုက်ခတ်ဖွယ်ရှိပြီး တစ်နိုင်ငံလုံးတွင် ညအပူချိန်များ ၂၀ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

ကိုးကား-အင်တာနက်

* *ကျောဖုံးမှ*

ဦးအောင်ထွန်းသိန်း၏ စီစဥ်ပေးမှုဖြင့် ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် ပင်လယ်ဆိပ်ကမ်းရှိ သီတာရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ မြေပေါ်လွှန်းကျင်းစက်မှုလက်မှုလုပ်ငန်းသို့ သွားရောက် လေ့လာခဲ့ကြသည်။

ကမ်းရိုးတန်းသွား

အဆိုပါသီတာမြေပေါ်လွှန်းကျင်းတွင် ကုမ္ပဏီပိုင် ငါးဖမ်းစက်လှေကြီးများ၊ ကုန်တင်ယာဥ်ကြီးများ အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေရုံသာမက ကမ်းရိုးတန်းသွား ရေယာဥ်ကြီးများ ပြင်ဆင်ခြင်းကိုပါ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

“ကျွန်တော်တို့ သီတာရေလုပ်ငန်းလီမိတက်အနေဖြင့် တစ်ချိန်က တစ်ဖက်နိုင်ငံ ဆိပ်ကမ်းမှာ သွားရောက်လုပ်ကိုင်ရတဲ့ ရေယာဥ်များ လွှန်းတင် ပြင်ဆင်ခြင်းကို ဒီဘက်ကိုယ့်နိုင်ငံ၊ ကိုယ့်ဆိပ်ကမ်းမှာ လွယ်လွယ်ကူကူနဲ့ လုပ်ကိုင်နိုင်ကြဖို့ ရည်ရွယ်ပြီး ဒီမြေပေါ်လွှန်းကျင်းကို ၂၀၀၀ပြည့်နှစ်က တည်ဆောက်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီမြေပေါ် လွှန်းကျင်းတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ဒေသခံ အလုပ်သမားများ ဟိုဘက်ထိုင်းနိုင်ငံ ဆိပ်ကမ်းမှာ သွားလုပ်စရာ မလိုတော့ဘဲ အိုးမကွာ အိမ်မကွာ လုပ်ကိုင်နိုင်ကြပါပြီ။ ဒါ့အပြင် ဒီလွှန်းကျင်း တည်ဆောက်ပေးနိုင်ခဲ့တာကြောင့် နိုင်ငံခြားငွေ ယိုဖိတ်မှုကိုလည်း တားဆီးပေးရာ ရောက်ပါတယ်”ဟုသီတာရေလုပ်ငန်းလီမိတက်ပိုင်ရှင်ဦးတင်မြင့်၏တူဖြစ်သူ လွှန်းကျင်းတာဝန်ခံဦးမင်းအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

တိုးတက်အောင်မြင်ရေး

ဦးတင်မြင့်သည် ကော့သောင်းမြို့နေ ပြည်သူများ၏ သာရေး၊ နာရေးနှင့် စီးပွားရေး လုပ်ငန်းများ တိုးတက် အောင်မြင်ရေးအတွက် အဓိက ပံ့ပိုးနေသော တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်တစ်ဦး ဖြစ်ကြောင်း သိရသည်။

ကော့သောင်း ဆိပ်ကမ်းတွင် ပင်လယ်ပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေအစင်း ၁၅၀၀ခန့် ရှိရာ ဦးတင်မြင့်၏ သီတာလွှန်းကျင်းသည် ငါးဖမ်း စက်လှေကြီးများ ဝင်ထွက်လွှန်းတင်ရာ အဓိက လွှန်းကျင်းဖြစ်လာသည်။

“အချိန်ကုန်၊ ငွေကုန်ခံပြီး တစ်ဖက်နိုင်ငံမှာ သွားရောက်ပြုပြင်စရာ မလိုတော့ပါ။”

ဦးသန်းစင်
လွှန်းကျင်းတာဝန်ခံ
ပထက်ဆိပ်ကမ်း
မြိတ်မြို့

အဆိုပါ မြေပေါ်လွှန်းကျင်း၏ ခံနိုင်ဝန်မှာ တန်၂၀၀ရှိပြီး ရေယာဥ် ၂၄စင်း တစ်ပြိုင်တည်း လွှန်းတင်ပြင်ဆင်နိုင်ကြောင်း သိရသည်။ ၎င်းလွှန်းကျင်းမှ ယခုအခါ ငါးဖမ်းစက်

“နိုင်ငံခြားဝင်ငွေ ယိုဖိတ်မှုကိုလည်း တားဆီးပေးရာ ရောက်ပါတယ်။”

ဦးမင်းအောင်
(စက်ရုံမှူး)
သီတာလွှန်းကျင်း
ကော့သောင်းမြို့

လှေများ၊ ဒေသတွင်းရှိ ကုန်တင်လှေကြီးများနှင့် ပဲ့ချိတ်ကြီးများကို လက်ခံ လွှန်းတင် ပြင်ဆင်ပေးလျက်ရှိရာ ရေယာဥ်အစင်း ၁၀၀၀နီးပါး လွှန်းတင်ပြင်ဆင်ပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ခံနိုင်ဝန်

အလားတူ မြေပေါ် လွှန်းကျင်းတစ်ခုကို မြိတ်မြို့ တစ်ဖက်ကမ်းကျွန်းစုမြို့နယ် ပထက်ဆိပ်ကမ်း၌ လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။ ယင်းလွှန်းကျင်းသည် တန် ၂၀၀ကျော်ခံနိုင်ဝန်ရှိပြီး တစ်နှစ်တွင် ရေယာဥ်အစင်းပေါင်း ၂၀၀ခန့် ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

အဆိုပါလွှန်းကျင်းကို ၂၀၀၅ခုနှစ်က စတင်တည်ဆောက်ပေးခဲ့ကြောင်း၊ ယင်းလွှန်းကျင်း မရှိခင်က မြိတ်မြို့ ဆိပ်ကမ်းမှ ငါးဖမ်းစက်လှေများ ထိုင်းနိုင်ငံ ဆိပ်ကမ်းသို့ သွားရောက်လွှန်းတင်ပြင်ဆင်ခဲ့ကြရကြောင်း လွှန်းကျင်းတာဝန်ခံဦးသန်းစင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါ ပထက်ဆိပ်ကမ်း၌ ရေပေါ် လွှန်းကျင်းကြီး တစ်ခုကိုလည်း ငါးဖမ်း စက်လှေကြီးများ တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။ ရေပေါ် လွှန်းကျင်းဆိုသည်မှာ စက်လှေ၊ ရေယာဥ်ကြီးများကို ကုန်းပေါ်သို့ ဆွဲတင်စရာမလိုဘဲ ရေထိန်းတံခါး အသုံးပြု၍ လွှန်းတင်ပြင်ဆင် လုပ်ကိုင်ခြင်းဖြစ်သည်။ ရေပေါ်လွှန်းကျင်းသည် မြေပေါ်လွှန်းကျင်းလောက် လုပ်ငန်းတွင်ကျယ်မှု မရှိကြောင်း သိရသည်။

မြေပေါ်လွှန်းကျင်း ဆိုသည်မှာ ပြင်ဆင်လိုသည့် ရေယာဥ်များကို ကုန်းပေါ် လွှန်းကျင်းသို့ ရောက်အောင် စက်အားသုံးပြီး ဆွဲတင်၍ ပြင်ဆင်ခြင်း ဖြစ်သည်။

ခြောက်လတစ်ကြိမ်

ရေယာဥ်များသည် လပေါင်းများစွာ ပင်လယ်ဆားငန်ရည်အတွင်း သွားလာရသဖြင့်သံထည်များသံချေးတက်ပျက်စီးခြင်းနှင့်ပင်လယ်ရေခရုများ ရေယာဥ်၏အောက် သစ်သားထည်ကိုခွဲ၍ ပျက်စီးမှုများ ဖြစ်ပေါ်စေသည်။ရေယာဥ်များကိုခြောက်လတစ်ကြိမ် လွှန်းကျင်းတင် ပြင်ဆင်ပေးသင့်ကြောင်း သိရသည်။ ယင်းကဲ့သို့ လွှန်းတင်ခြင်းကို ဒေါက်တင်ခြင်း ဟူ၍လည်း ခေါ်ဆိုကြသည်။

အဆိုပါသင်္ဘောဒေါက်တင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့ရှိ သင်္ဘောကျင်းများတွင်လည်း လုပ်ကိုင်လျက်ရှိသည်။ သို့သော် တနင်္သာရီကမ်းရိုးတန်းတွင် ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်နေကြသော စက်လှေများသည် ငါးဖမ်းလုပ်ငန်းများနှင့် နီးစပ်ရာ မြိတ်မြို့နှင့် ကော့သောင်း ဆိပ်ကမ်းများ၌သာ လွှန်းတင် ဒေါက်ကျင်းတင် ပြင်ဆင်မှုအများဆုံး ပြုလုပ်နေကြောင်း သိရသည်။

အထောက်အကူ

သို့ပါ၍ တနင်္သာရီကမ်းရိုးတန်းအတွင်း မြေပေါ် လွှန်းကျင်းများ တည်ဆောက်ကာ လွှန်းတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ပြီ ဖြစ်ခြင်းကြောင့် ကမ်းရိုးတန်းသွား ငါးဖမ်းစက်လှေများ၊ ရေယာဥ်များ အချိန်တိုအတွင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်၍ တနင်္သာရီတိုင်း၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်သည့် ရေလုပ်ငန်းကို များစွာအထောက်အကူပြုလျက်ရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

တနင်္သာရီကမ်းရိုးတန်းအတွင်း မြေပေါ် လွှန်းကျင်းများ တည်ဆောက်ကာ လွှန်းတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ပြီဖြစ်ခြင်းကြောင့် ကမ်းရိုးတန်းသွား ငါးဖမ်းစက်လှေများ၊ ရေယာဥ်များ အချိန်တိုအတွင်း လုပ်ငန်းများဆောင်ရွက်နိုင်ပြီဖြစ်၍ တနင်္သာရီတိုင်း၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် ရေလုပ်ငန်းကို များစွာအထောက်အကူပြု။

ငါးဖမ်းစက်လှေ တစ်စင်း ပြင်ဆင်ရန် လွှန်းကျင်းတင်နေသည်ကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

ပင်လယ်ဘူးမြို့နှင့် ခေါက်စင်ကျေးရွာ စာပေဟောပြောပွဲခရီး

စာရေးသူတို့အဖွဲ့ ၂၀၀၈ခုနှစ် နိုဝင်ဘာလတွင် စာပေဟောပြောပွဲ နှစ်ကြိမ်ကျင်းပခဲ့ပါတယ်။

(၁) တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ စာဆိုတော်နေ့ ဂုဏ်ပြုဟောပြောပွဲ ၁၁-၁၁-၂၀၀၈

(၂) သာစည်မြို့နယ်၊ သာဂရရွာ စာဆိုတော်နေ့ ဂုဏ်ပြုဟောပြောပွဲ ၂၆-၁၁-၂၀၀၈

ဒီဇင်ဘာလမှာ စာပေဟောပြောပွဲ လေးကြိမ်ကျင်းပနိုင်ခဲ့ပါတယ်-

(၁) နေပြည်တော်ပျဉ်းမနားမြို့နယ်ပြန်ကပြေးကျေးရွာ ၁၂-၁၂-၂၀၀၈

(၂) နေပြည်တော်ပျဉ်းမနားမြို့နယ် ကျောက်ချပ်ကျေးရွာ ၁၉-၁၂-၂၀၀၈

(၃) ကသာခရိုင် ပင်လယ်ဘူးမြို့နယ် ခေါက်စင်ကျေးရွာ ၃၀-၁၂-၂၀၀၈

(၄) ကသာခရိုင် ပင်လယ်ဘူးမြို့ ၃၁-၁၂-၂၀၀၈

၂၀၀၉ခုနှစ် ဇန်နဝါရီလထဲမှာတော့ ၁၂ပွဲလောက် သွားရောက်ဟောပြောဖို့ စီစဉ်လျာထားတယ်။ အတူပါမယ့် စာရေးဆရာများမှာ

(၁) အဏ္ဏဝါစိုးမိုး၊ တက္ကသိုလ်စိန်တင်တို့နဲ့ ပဲခူးမြို့။

(၂) သန်လျင်မောင်မောင်ဦး၊ မောင်ချစ်(သူရဲသမိန်)နဲ့ ဝေါမြို့။

(၃) ချစ်ဦးညို၊ လယ်တွင်းသားစောချစ်တို့နဲ့ မုံရွာ၊ အရာတော်၊ ဒီပဲယင်း၊ ယင်းမာပင်မြို့နယ်များရှိ ကျေးရွာများ ကိုးပွဲ။

(၄) ချစ်စံဝင်း၊ တက္ကသိုလ်လှကြွယ်တို့နဲ့ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ကျောက်ချပ်ကျေးရွာ။

အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရဲ့ ရှင်သန်တိုးပွားမှု၊ စာဖတ်သူတွေ စာပေနဲ့ ပိုမိုထိတွေ့ကျယ်ပြန့်လာမှုတွေကို လက်တွေ့မျက်မြင် တွေ့ရှိကြရပါတယ်။ အလားတူ စာရေးဆရာ၊ သတင်းစာဆရာ၊ ဂျာနယ်လစ်တွေများစွာဟာလည်း ပြည်နယ်နဲ့တိုင်း အနှံ့ သွားရောက်ပြီး စာဆိုတော်နေ့ ဂုဏ်ပြုစာပေဟောပြောပွဲများကို မမောနိုင်၊ မပန်းနိုင် ဟောပြောနေကြပါတယ်။ ယခင်ကတော့ မြို့ပေါ်ရပ်ကွက် သို့မဟုတ် မြို့နယ်အဆင့်လောက်မှာသာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပါတယ်။ ပြင်ဆင်စီစဉ်ရတာ မလွယ်လှပါဘူး။ လူအား၊ ငွေအား ကုန်ကျကြရတာကိုး။ တော်ရုံတန်ရုံ စာပေမြတ်နိုးစိတ်နဲ့မရဘူး၊ အထမမြောက်ပါဘူး။ စာပေသမားများ တော်တော်ခိုင်ခိုင်မာမာလေးရှိထားမှ စာပေဟောပြောပွဲကို ဦးဆောင်စီစဉ်နိုင်တာ ဖြစ်ပါတယ်။

ယခုအခါမှာတော့ နိုင်ငံနှင့်အဝန်း အေးချမ်းသာယာလာတာနဲ့အမျှ လူတွေရဲ့ လူနေမှုဘဝအဆင့်အတန်းကလည်း တစ်စတစ်စ မြင့်လာကြတယ်။ ကျေးလက်တောရွာတွေရဲ့ ထုတ်ကုန်သီးနှံတွေ ဈေးကောင်းရတယ်၊ တန်ရာတန်ဖိုးရတော့ ပိုမိုပြီးတိုးတက်ထုတ်လုပ်တယ်။ ကျေးလက်တောရွာတွေရဲ့ လမ်းပန်းဆက်သွယ်မှု၊ ရေကောင်းရေသန့်ရရှိမှု၊ ပညာရေးအခြေအနေ ပိုမိုကောင်းမွန်လာမှု၊ စီးပွားရေး အဆင်ပြေလာမှုတွေကြောင့် လူတွေဟာ ဝယ်နိုင်၊ ခြမ်းနိုင်၊ လှူနိုင်၊ တန်းနိုင်ဖြစ်လာကြတယ်။ တောသူတောင်သားဆိုပေမယ့် ကောက်စိုက်သမလည်း အနည်းဆုံး ဆယ်တန်းတော့အောင်တယ်။ ကောက်ရိတ်သမားတွေထဲမှာ ဘွဲ့ရတဲ့ လူငယ်တွေပါတယ်။ ကျေးရွာတွေမှာ ပညာတတ်ဦးရေ သိသိသာသာ တိုးပွားတာဟာ အားရစရာပဲ။ စာရေးသူတို့ရွာက အိမ်ခြေ ၂၀၀ကျော်ပဲရှိတာပါ။ ၁၉၅၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ၅၅နှစ်ကာလတွင်း B.A, B.Sc, B.Ed, B.E, M.B.,B.S စတဲ့ ဘွဲ့ရတဲ့လူ ၂၀၈ယောက်ရှိနေပြီ။ ပျမ်းမျှဘွဲ့ရသူ တစ်အိမ်တစ်ယောက်နှုန်းရှိလာတဲ့ သဘောပါပဲ။

ကျေးရွာတွေထိအောင် နိုင်ငံကျော်စာရေးဆရာတွေ ခရီးဆန့်ပြီး စာဆိုတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုဟောပြောနိုင်ကြတာရဲ့ ကြီးမားသောအကြောင်းရင်းတရားကတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ မြန်မာနိုင်ငံစာပေနဲ့ စာနယ်ဇင်းအဖွဲ့ ဗဟိုရဲ့တက်ကြွထက်သန်တဲ့ လှုပ်ရှားမှုများကြောင့် ဖြစ်တယ်လို့ ပြောရပါလိမ့်မယ်။ ရည်ရွယ်ချက်က စာပေထွန်းကားပြန့်ပွားရေး မဟုတ်လား။

ယခုစာရေးသူပြောပြချင်တာကတော့ စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ ပင်လယ်ဘူးမြို့သို့ ဒီဇင်ဘာ ၂၉ရက်မှာသွား၊ ဒီဇင်ဘာ ၃၀ရက်မှာ ခေါက်စင်ရွာ၊ ၃၁ ရက်နေ့မှာ ပင်လယ်ဘူးမြို့ အခြေခံပညာအထက်တန်း ကျောင်းခန်းမကြီးတွေထဲမှာ မြို့လူထုနဲ့ ကျောင်းသူ၊ ကျောင်းသားတွေကို စာပေဟောပြောခဲ့တဲ့ ခရီးအကြောင်းပဲဖြစ်ပါတယ်။

ဆရာလယ်တွင်းသားစောချစ်က ရန်ကုန်မှ တံတားဦးသို့ ၂၉-၁၂-၂၀၀၈ (တနင်္လာနေ့)လေယာဉ်နဲ့ လိုက်ပါလာတယ်။ စာရေးသူက ချောက်မြို့မှာ ရောက်နေတာမို့ ပုဂံညောင်ဦးလေဆိပ်မှ တံတားဦးသို့ အဲယားမန္တလေး လေကြောင်းလိုင်းမှ လေယာဉ်နဲ့ ထိုနေ့နံနက်ရောက်ပြီး ဆုံကြပါတယ်။ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ အသင့်စောင့်ကြိုနေတဲ့ ကသာမြို့မှ ဦးတင်နေဝင်းတို့ကားနဲ့ ပင်လယ်ဘူးမြို့အထိ ကားလမ်းခရီးမိုင် ၂၃၆မိုင်ကျော် တစ်နေကုန် ခရီးဆက်ခဲ့ကြရပါတယ်။

တံတားဦးမှ နံနက် ၈နာရီခွဲထွက်ခဲ့ကြတဲ့ မိမိတို့ကားဟာ ပင်လယ်ဘူးမြို့လေးသို့ ည ၁၀နာရီခွဲမှ ဆိုက်ရောက်ကြပါတယ်။ ၁၄နာရီကားလမ်းခရီးကို အသက် ၆၀ကျော် စာရေးဆရာနှစ်ဦး ဇွဲကောင်းကောင်းနဲ့ ချီတက်ခဲ့ကြတာပါ။ မန္တလေးမှ စစ်ကိုင်း၊ ရွှေဘို၊ ကောလင်းမြို့များကိုဖြတ်ပြီး ဒီခရီးမိုင် ၂၅၀ခန့်

ချစ်နိုင် (စိတ်ပညာ)

အကွာအဝေးကို နေ့ချင်းရောက်တာဟာ လမ်းမှာ ကားမပျက်လို့သာ။ စစ်ကိုင်းမှာ ဒေါစက်ညို နန်းကြီးမုန့်တီသုပ် နံနက်စာစား၊ ရွှေဘိုမှာ နေ့လယ်စာစား၊ ကောလင်းမှာ ညစာစား။ ခဏစီလောက်သာနားပြီး မြန်မြန်သွက်သွက် ခရီးဆက်ခဲ့လို့သာ။

ဩော်…နာရီဝက်လောက် ခေတ္တဝင်ရပ်ခဲ့တာက ဝက်လက်မြို့နယ် လှတောရွာပါ။ လှတောရွာက တိမ်လွှာလက်ဖက်ရည်ဆိုင် ခဏဝင်ထိုင်ခဲ့ကြတယ်။ လှတောရွာသားတွေရဲ့ စကားကိုကြားချင်လို့ပါ။ ဇော်ဂျီဖိုလ်ဝင်သားကိုစားထားတဲ့ လူတွေလောက်မစွမ်းပေမယ့် နောက်လူငယ်တွေကလည်း ထိုပြာကိုလျက်ထားသလို သာမန်လူတွေထက်တော့ သန်မာကြတယ်တဲ့။

ရွှေဘိုသို့ ၁၂နာရီ၊ ကောလင်းသို့ ည၃ နာရီခွဲ စသည်ဖြင့် မရပ်မနား ခရီးကြမ်းနှင်ခဲ့ကြတာ ပင်ပန်းရမှန်းမသိပါလား။ ကားပေါ်မှာ စာကြောင်းပေကြောင်း စကားတွေဖောင်ဖွဲ့ကာ ပြောလာလိုက်ကြတာ၊ ၁၄နာရီကြာ အတူခရီးသွားရင်းနဲ့ ခုမှစတွေ့ကြရတဲ့ ဦးတင်နေဝင်းနဲ့ ကားဆရာလေးတို့ဟာ ဆရာလယ်တွင်းသားစောချစ်နဲ့ မိမိတို့ကို ရင်းနှီးခင်မင်သွားကြပါတော့တယ်။

ည ၁၀နာရီခွဲ၊ မှောင်နဲ့မည်းမည်းမှာ ကုန်းထိပ်ပေါ်က ဧည့်ရိပ်သာမှာ မီးစက်ထွန်းပြီး မြို့မိမြို့ဖတွေက ကြိုဆိုနေကြပါတယ်။ အဲဒီမှာပဲ ညအိပ်ခဲ့ကြတယ်။ ပင်လယ်ဘူးမြို့နယ်ရဲ့ မြောက်ဘက်မှာ ဗန်းမော်မြို့နယ်၊အရှေ့ဘက်မှာ ဝန်းသိုမြို့နယ်၊ တောင်ဘက်ကျတော့ ကျွန်းလှနဲ့ ကောလင်းမြို့နယ်၊ အနောက်ဘက်မှာ ဖောင်းပြင်မြို့နယ်တို့ ရှိကြပါတယ်။ မူးမြစ်ရဲ့ မြစ်ဖျားခံရာမြို့လေးပဲ။

၁၉၈၄ခုနှစ်မှာ ပင်လယ်ဘူးမြို့ဟာ စာတတ်မြောက်ရေးလှုပ်ရှားမှုနဲ့ စာမတတ်သူ ပပျောက်အောင်ဆောင်ရွက်ပြီး အောင်ပွဲခံခဲ့တယ်။ အနှစ်၂၀ကြာလာတဲ့အခါ လူမှုစီးပွားဘဝ ယခင်ကထက်တိုးတက်လာသလို စာပေနဲ့ထိတွေ့မှုလည်း ပိုမိုကျယ်ပြန့်လာပြီလေ။ ကျေးရွာတိုင်း စာကြည့်တိုက် ထူထောင်ကြတယ်။ ရွာပေါင်း၁၀၀ခန့်ကတော့ စာဖတ်သူတွေ ယခင်ကထက် သိသိသာသာ များလာပြီလို့ သိခဲ့ရတယ်။

ဒီဇင်ဘာ ၃၀ရက် အင်္ဂါနေ့ မွန်းတည့် ၁၂နာရီ ပင်လယ်ဘူးမြို့မှ ခြောက်မိုင်လောက်ဝေးတဲ့ ခေါက်စင်ကျေးရွာ အထက်တန်းကျောင်းကိုသွားပြီး စာပေဟောပြောကြတယ်။

မိမိက ပထမဟောပြောတယ်။

လူဖြစ်ရတဲ့ရည်ရွယ်ချက်။ ၁နာရီ ၁၅မိနစ်ကြာ။

ဒုတိယ၊ ဆရာလယ်တွင်းသားစောချစ်က ဟောပြောတယ်။

အောင်စိတ်နဲ့ ထူးချွန်စွာအောင်မြင်နည်းများ။၁နာရီ ၄၅မိနစ်။နှစ်ယောက်ပေါင်း သုံးနာရီလောက် ဟောပြောကြတာပေါ့။ ရပ်ရွာလူထုရော၊ ကျောင်းသားကျောင်းသူတွေပါ စိတ်ဝင်စားကြပါတယ်။

ခေါက်စင်ကျေးရွာက ပရိသတ်ရော၊ ပင်လယ်ဘူးမြို့ဟောပြောပွဲ ပရိသတ်ရော စာပေဟောပြောပွဲကို တလေးတစားနဲ့ စိတ်အားထက်သန်စွာ အာရုံစူးစိုက်ပြီး နားထောင်ကြပါတယ်။ ဟောပြောသူအတွက် ခရီးဝေးလာရကျိုး နပ်ပါတယ်။ ပြောရသူအတွက် ပင်ပန်းတယ် မအောက်မေ့ပါ။ ကျေနပ်စရာပါ။

ပင်လယ်ဘူးမြို့မှာ ဟောပြောပွဲကို ၃၁-၁၂-၂၀၀၈ ရက် နံနက် ၉နာရီခွဲက စတင်ကာ မွန်းလွဲ ၁ နာရီခွဲမှာ ပြီးဆုံးပါတယ်။ ပင်လယ်ဘူးမြို့သား ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက သူ့မြို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆေးရုံ၊ ကျောင်းစသည်တို့ကို ရန်ပုံငွေ ကျပ်သိန်း ၁၀၀ကျော် ပေးအပ်လှူဒါန်းပါတယ်။ ဇာတိရပ်ရွာရဲ့ ကျေးဇူးတရားကြီးမားပုံတွေကိုလည်း လှိုက်လှဲစွာ ပြောပါတယ်။ သူ့ကိုကြည့်ပြီး သူ့လိုပဲ ဇာတိမြေကို ဖွံ့ဖြိုးတိုးတက်အောင်လှူဒါန်းပေးဝေနိုင်ရင် ဘယ်လောက်ကြည်နူးစရာကောင်းမလဲလို့ တွေးမိပါတယ်။

၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွင်း နောက်ဆုံးသွားရောက်ဟောပြောခဲ့တဲ့ ကသာခရိုင် ပင်လယ်ဘူးမြို့နဲ့ ခေါက်စင်ကျေးရွာခရီးစဉ်တွေက ရင်ထဲ မှတ်မှတ်ရရရှိနေတာမို့ ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ရေးသား တင်ပြလိုက်ပါတယ်။ ။

အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရဲ့ ရှင်သန်တိုးပွားမှု၊ စာဖတ်သူတွေ စာပေနဲ့ ပိုမိုထိတွေ့ကျယ်ပြန့်လာမှုတွေကို လက်တွေ့မျက်မြင် တွေ့ရှိကြရပါတယ်။

စက်ရေတွင်းဖွင့်ပွဲ ညောင်ဦးမြို့နယ်၌ကျင်းပ

ညောင်ဦး ဇန်နဝါရီ ၂၅

ညောင်ဦးခရိုင် ငါ့သရောက်မြို့ ဖြူကြီးကျေးရွာတွင် JICA စီမံကိန်းဖြင့် တူးဖော်ပြီးစီးသည့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ စက်ရေတွင်းနှင့်ပတ်သက်၍ ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြပြီး ကျေးရွာဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ စက်ရေတွင်းကို ခရိုင်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးသိန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

အုတ်တွင်းမြို့၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

အုတ်တွင်း ဇန်နဝါရီ ၂၅

၂၀၀၉ခုနှစ် ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ သီရိရတနာခန်းမ၌ ကျင်းပရာ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စမ်းစမ်းဝေနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသင်းသင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်၍ ငါးနှစ်အောက်ကလေးသူငယ် ၁၆၉ဦးတို့အား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြသည်။ **(ယာပုံ)**

အလားတူ အုတ်တွင်းမြို့နယ်အတွင်းရှိ ငါးနှစ်အောက်ကလေးသူငယ် ၁၅၇၃၉ဦးတို့အား ကာကွယ်ဆေးတိုက်ကျွေးရေးအဖွဲ့ ၃၂ဖွဲ့တို့က စုရပ် ၂၁၃ခုတို့တွင် တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပံ့ပိုးမှုဖြင့် ကာကွယ်ဆေးတိုက်ကျွေးရာ ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရီရီအေး၊ ဒေါက်တာစုစုဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(၃၁၆)

သံဖြူဇရပ်မြို့နယ်ပွင့်သစ်ထွန်းစာကြည့်တိုက်သို့ သုတရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

သံဖြူဇရပ် ဇန်နဝါရီ ၁၂

သံဖြူဇရပ်မြို့နယ် နှစ်တိုင်းကျေးရွာ ပွင့်သစ်ထွန်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ဝေါလ်ဗီးရှင်း(မြန်မာ)အဖွဲ့မှ သုတရသစာအုပ်မျိုးစုံတန်ဖိုးငွေ ကျပ်နှစ်သိန်းရှစ်သောင်းရှိ စာအုပ် ၂၀၉အုပ် လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၀ရက် နံနက်ပိုင်းက နှစ်တိုင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဝေါလ်ဗီးရှင်း(မြန်မာ) သံဖြူဇရပ်တာဝန်ခံနှင့်အဖွဲ့က လှူဒါန်းသော စာအုပ်များကို မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်ထံသို့ ပေးအပ်လှူဒါန်းပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးရွာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးညွန့်သောင်းနှင့် စာကြည့်တိုက်မှူး ဒေါ်မြနန္ဒာထံသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

အင်းတော် အထက အာစရိယပူဇော်ပွဲ

အင်းတော် ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း ၁၉၅၈-၂၀၀၈ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက် နံနက်၁၁နာရီက ရွှေရတု ကျောင်းဆောင်သစ်ကြီးခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစား ဆရာကြီး ဆရာမကြီး ၄၅ဦးအား ငွေကျပ် ၃၅သိန်းဖြင့် ပူဇော်ကန်တော့ကြပြီး အဆိုပါ ရွှေရတုသဘင်ပွဲကို ဒီဇင်ဘာ၂၆ရက်မှ ၂၈ရက်အထိ ကျင်းပခဲ့ကြသည်။ (ဝ၁ဝ)

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့ မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မီးသတ်ဦးစီးဌာနမှ ပြုပြင်တည်ဆောက်ထားသော ထော်လာဂျီ မီးသတ်ယာဉ်ကို ဇန်နဝါရီ ၁၃ရက်က ဖျာပုံမြို့နယ် အမာမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံသို့ ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးသန်းနိုင်က ပေးအပ်စဉ်။ (၁၅၅)

ဒေသခံပြည်သူများ သွားလာမှု အဆင်ပြေစေရေး ရွှေတောင်တွင် ကျေးရွာချင်းဆက် မြေနီလမ်းသစ်ဖွင့်

ရွှေတောင် ဇန်နဝါရီ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရှင်ငယ်(ရွာသစ်)-ရှင်ငယ် (ရွာဟောင်း)-ကိုးတွင်းစဉ် ကျေးရွာချင်းဆက် မြေနီလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ရှင်ငယ်ရွာရှိ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် လမ်းနှင့်ပတ်သက်သည်များကို ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်လွင်က ရှင်းလင်းတင်ပြ၍ အမှုဆောင်အရာရှိက လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် အိုးထိန်းကုန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမောင်ကျော်တို့က မြေနီလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

လွယ်ကူချောမွေ့

အဆိုပါ ကျေးရွာချင်းဆက်မြေနီလမ်းသည် (၈၅၈၀×၁၀)ပေရှိပြီး ကျေးရွာအုပ်စုနှစ်အုပ်စု ကျေးရွာပေါင်း ငါးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာအုပ်စုပတ်လမ်းဖြစ်သဖြင့် ဒေသခံပြည်သူများ သွားလာမှု အဆင်ပြေလွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး စာအုပ်နှင့်မီဒီယာပစ္စည်းများ ရွှေကူ၌ လှူဒါန်း

ရွှေကူ ဇန်နဝါရီ ၂၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက မြို့နယ်အတွင်းဖွင့်လှစ်ထားပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာအုပ်၊ စာစောင်၊ ရန်ပုံငွေနှင့် မီဒီယာပစ္စည်းများလှူဒါန်းပွဲကို ဇန်နဝါရီ ၁၄ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အဆိုပါ အခမ်းအနားတွင် ထူးထရေးဒင်း ကုမ္ပဏီမှ ၂၁လက်မရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးနှင့်နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်မော်၊ ဒုတိယဗိုလ်မှူးကြီး စိုးလှိုင်နှင့် ဒုတိယဗိုလ်မှူးကြီး ဝဏ္ဏအောင်တို့က ငွေကျပ် ၄၀၀၀၀၊ မြို့နယ်ပုံနှိပ်လုပ်ငန်းရှင်များက ငွေကျပ် ၃၀၀၀၀၊ ရေယာဉ်ပို့ဆောင်ရေးအသင်းက ငွေကျပ် ၁၀၀၀၀၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့နှင့် စေတနာရှင်ပြည်သူများက စာအုပ်စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်များအုပ်ရေ ၁၂၀၀ ပေးအပ်လှူဒါန်းခဲ့ရာ ခရိုင် ဦးစီးအရာရှိ ဦးဝင်းခင်နှင့် မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်တို့က လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

မြင်းမူမြို့၌ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်း

မြင်းမူ ဇန်နဝါရီ ၁၉

မြင်းမူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စာအုပ်စာစောင် တိုးပွားရေး၊ စာဖတ်ရှိန်မြင့်မားရေးတို့အတွက် မြို့ပေါ်ရှိ အလှူရှင်များ၏ စာအုပ်စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ရက် နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်စိုးက မြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် လိုအပ်လျက်ရှိသော စာအုပ်စာစောင်များ ဖြည့်ဆည်း လှူဒါန်းပေးနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ အလှူရှင်များ၏ကိုယ်စား ဦးမြသောင်း-ဒေါ်တူးတူးမာမိသားစုက ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

အဆိုပါ အခမ်းအနားတွင် အလှူရှင်များ ဖြစ်ကြသော ဦးစိန်ထွန်း(မြို့မိမြို့ဖ)၊ ဦးမြသောင်း-ဒေါ်တူးတူးမာ၊ ဦးသိန်းငွေ၊ ဦးအိပ်အောင်ကျော်-ဒေါ်ငွေငွေ (ရွှေရတနာရောင်းဝယ်ရေး)၊ ဦးကျော်စံသိန်း-ဒေါ်ခင်မြအေး(ရွှေရတနာရောင်းဝယ်ရေး)၊ ဦးကျော်မြင့်-ဒေါ်မြင့်သန်းဦး (သစ်စက်)၊ ဦးပေါ်ဆန်း-ဒေါ်သိန်းထွေး(မိဘဂုဏ်သစ်စက်)၊ ဦးလှိုင်ကျော်ဦး(ထွန်းပွဲရုံ)၊ ဦးထွန်းအောင်ခိုင်-ဒေါ်လှလှရီ၊ ဦးထွန်းမြင့်မောင်-ဒေါ်စိန်စိန်ရီ၊ ဦးထွန်းလှ (ရှိုင်းကဖေး)၊ ဦးစိုးဝင်းနိုင်-ဒေါ်ယဉ်ယဉ်အောင်၊ဦးပေါ်များ(ရွှေရတနာရောင်းဝယ်ရေး)ဦးမောင်မောင် (မြို့နယ်အခွန်ဦးစီးမှူး)တို့က မဂ္ဂဇင်းမျိုးစုံ ၂၆၄အုပ်၊ ဂျာနယ်မျိုးစုံ ၃၆၆အုပ် စုစုပေါင်း ၆၂၉အုပ် တန်ဖိုးငွေကျပ် ၂၈၈၀၀၀ ရှိပြီး နှစ်စဉ်စာအုပ်အလှူခံရရှိသူများကို ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ပြန်လည် ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးခရိုင် ကဝမြို့နယ် သက္ကလအခြေခံပညာအထက်တန်းကျောင်း ၂၀၀၉ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၃ရက်က ကျင်းပရာ ကျောင်းတွင်းအဆင့်၊ မြို့နယ်အဆင့်နှင့် တိုင်းအဆင့်များတွင်ဆုများရရှိသော အဋ္ဌမတန်းကျောင်းသူ မစိမ့်မော်မော်အောင်အား ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းဝင်းက ဆုချီးမြှင့်စဉ်။ (ဝ၆ဝ)

စည်းလုံးခြင်းသည်အင်အား ရုပ်တုဆောင်ရွက်

တနိုင်း ဇန်နဝါရီ ၁၆

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တနိုင်းမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် အလေးထား ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ရက်က တနိုင်းမြို့အဝင် ကြိုဆိုပါ၏ ဆိုင်းဘုတ်အနီး စည်ပင်နှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး စည်းလုံးခြင်းသည်အင်အား ရုပ်တုဆောင်ရွက်နေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဒုတိယအင်ဂျင်နီယာမှူး ဦးအေးချို တို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

ရေပြွန်ကွန်ကရစ်တံတား

မိုင်းယုမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ဝမ်ဖော်ပတ်လမ်း ရေပြွန်ကွန်ကရစ်တံတား တည်ဆောက်ရန် ပြင်ဆင်နေမှုကို မြို့နယ် တာဝန်ခံ ဦးစိုင်းဆမ် နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်တို့ ဒီဇင်ဘာ ၁၈ရက်က ကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဂုံညင်းတန်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ် ရဲတပ်ဖွဲ့မှူးတင်အုန်း၊ အတွင်းရေးမှူး ဦးသိန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးတင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်၌ ကာကွယ်ဆေးတိုက်ကျွေး

ပြင်ဦးလွင် ဇန်နဝါရီ ၁၈

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပထမအကြိမ်အမျိုးသားကာကွယ်ဆေးတိုက်နေ့ကို ဇန်နဝါရီ ၁၀ရက်က ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ သတ်မှတ်ထားရှိသော ရပ်ကွက်၊ ကျေးရွာအသီးသီးတို့တွင် အမျိုးသားကာကွယ်ဆေးများ တစ်ပြိုင်တည်း တိုက်ကျွေးကြသည်။

အမျိုးသားကာကွယ်ဆေးတိုက်ကျွေးရာသို့ ပြင်ဦးလွင်ခုတင်(၃၀၀)ဆံ့ဆေးရုံကြီး ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာ ဆရာမများ၊ ရပ်ကွက်ကျေးရွာရှိ ကျန်းမာရေး ဆေးပေးခန်းများမှ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ ကာကွယ်ဆေးများ တိုက်ကျွေးကြသည်။ (ဝ၈၈)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ဌေး၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ၄က်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွှဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မိုးညှင်းမြို့ သာယာလှပရေး ဆောင်ရွက်

မိုးညှင်း ဇန်နဝါရီ ၂၅

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် နည်းပညာကောလိပ် ကျောင်းဝင်းရှေ့ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု အခြေအနေကို ဒီဇင်ဘာ၁၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အင်္ဂလန် အားကစားလောက၏ အရှိန်အဝါအကြီးဆုံး ဖာဂူဆန်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဟန်စိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၂၅

အင်္ဂလန်အားကစားလောကမှာ သြဇာအရှိန်အဝါအကြီးမားဆုံး ပုဂ္ဂိုလ် ၁၀၀ ထဲမှာ မန်ယူနည်းပြကြီး ဖာဂူဆန်က ထိပ်ဆုံးက ရွေးချယ်ဖော်ပြခံခဲ့ရပါတယ်။

ဖော်ပြခံခဲ့ရ

တိုင်းမ်သတင်းစာက ဖော်ပြခဲ့တဲ့ အင်္ဂလန်အားကစားလောကရဲ့ အထင်ရှားဆုံးနဲ့ သြဇာအရှိန်အဝါ အကြီးမားဆုံး ပုဂ္ဂိုလ်တွေထဲမှာ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပွဲတော် ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ လော့ဒ်စီဘာစတိန်းကိုးက ဒုတိယနဲ့ မန်စီးတီးကလပ်ပိုင်ရှင် ရှိတ်မင်ဆိုရာက တတိယနေရာကနေပြီး အမည်စာရင်းတွေ အသီးသီး ဖော်ပြခံခဲ့ရပါတယ်။

ရှားရှားပါးပါး

အင်္ဂလန် အားကစားလောကရဲ့ အထင်ရှားဆုံးနဲ့ သြဇာအရှိန်အဝါ အကြီးမားဆုံးပုဂ္ဂိုလ် ၁၀၀ ထဲမှာ ထိပ်ဆုံးက ဖော်ပြခံရတဲ့ မန်ယူနည်းပြကြီး ဖာဂူဆန်ဟာ အသက် ၆၇နှစ် ရှိနေပြီ ဖြစ်ပါတယ်။မန်ယူအသင်းရဲ့ အိုးထရက်ဖို့ဒ်ကွင်းထဲမှာ ၁၉၈၆ခုနှစ်ကတည်းက နည်းပြအဖြစ် တာဝန်ယူခဲ့သူမို့ ၂၂ နှစ် ကျော် ကာလကြာအောင် တစ်သင်းထဲမှာ တစ်ဆက်တည်း ရှားရှားပါးပါး နည်းပြလုပ်ခဲ့တဲ့လူလည်း ဖြစ်ပါတယ်။

စွမ်းဆောင်

ဒါ့အပြင် မန်ယူ အသင်းမှာ နည်းပြအဖြစ် တာဝန်ယူခဲ့စဉ် ကာလ တစ်လျှောက်လုံးမှာ မန်ယူကလပ်ကို ဆုဖလားပေါင်းများစွာ ယူပေးနိုင်ခဲ့သူ

အင်္ဂလိပ်ပရီမီယာလိဂ်ကို စိတ်ဝင်စားအောင် ဆောင်ကြဉ်းပေးနိုင်သည့် ဖာဂူဆန်။

ဖြစ်ပြီး ကမ္ဘာကျော်ဘောလုံးသမားတွေ အများအပြားကို မွေးထုတ်ပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဖာဂူဆန်က မန်ယူအသင်းကို ပရီမီယာလိဂ်ဖလား ၁၀ကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား ငါးကြိမ်၊ ကားလင်းဖလား နှစ်ကြိမ် အပြင် ဖီဖာကလပ်ကမ္ဘာ့ဖလား တစ်ကြိမ်ကို ဆွတ်ခူးပေးနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်ပါတယ်။

ဒါ့အပြင် ဖာဂူဆန်က မန်ယူကလပ်ကို ကမ္ဘာကျော်အသင်းကြီးဖြစ်အောင် ကြိုးစားနိုင်ခဲ့သလို အင်္ဂလိပ်ပရီမီယာလိဂ်ကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားအောင်လည်း ပံ့ပိုးပေးနိုင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်လို့ တိုင်းမ်သတင်းစာက ဖော်ပြခဲ့ပါတယ်။

ဖော်ပြ

ဒုတိယနေရာက ဖော်ပြခံရတဲ့ လော့ဒ်စီဘာစတိန်းကိုးကတော့ အသက် ၅၂နှစ် အရွယ်ရှိပြီး ၁၉၈၀ နဲ့၁၉၈၄ခုနှစ် အိုလံပစ်ပွဲတွေမှာ အင်္ဂလန်နိုင်ငံအတွက် ရွှေတံဆိပ်တွေ ရယူပေးနိုင်ခဲ့တဲ့သူ ပြေးခုန်ပစ်ကစားသမားဖြစ်ပြီး ၂၀၁၂ခုနှစ် အိုလံပစ်ပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်အောင် စွမ်းဆောင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ရဲ့ နည်း စနစ်ပိုင်းဆိုင်ရာ ကော်မတီမှာ ဥက္ကဋ္ဌနဲ့ နိုင်ငံတကာ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါတယ်။ ဒါကြောင့် လော့ဒ်စီဘာ စတိန်းကိုးဟာ အင်္ဂလန်အားကစားလောကကို မြှင့်တင်ပေးနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဒုတိယနေရာက ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

တတိယနေရာ

မန်စီးတီးပိုင်ရှင် ရှိတ်မင်ဆိုရာကတော့ သူ့ရဲ့ချမ်းသာကြွယ်ဝမှုနဲ့ မန်စီးတီးအသင်းကို အဆင့်မြင့်အောင် ပြုလုပ်နေသူဖြစ်ပြီး ပရီမီယာလိဂ်ကိုကမ္ဘာတစ်ဝန်းက ထိပ်တန်းဘောလုံးသမားတွေ လာရောက်ကစားချင်အောင်နဲ့ တစ်ကမ္ဘာလုံးက ပရိသတ်တွေ စိတ်ဝင်စားအောင် ငွေကြေးနဲ့ ဆောင်ရွက်နိုင်သူဖြစ်လို့ တတိယနေရာက ဖော်ပြခဲ့တာ ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

ဘောလက် ချယ်လ်ဆီး၌ ဆက်လက်ကစားမည်

လန်ဒန် ဇန်နဝါရီ ၂၅

ဂျာမနီနှင့် ချယ်လ်ဆီးကွင်းလယ် ကစားသမား ဘောလက်က လာမည့် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း၌သာ ဆက်လက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၃၂နှစ်အရွယ်ရှိဘောလက်အား ချယ်လ်ဆီးက နောက်ထပ်နှစ်နှစ်စာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိပြီး ဘောလက်ကလည်း ချယ်လ်ဆီးနှင့်ကစားရသည်မှာ ပျော်ရွှင်နေကြောင်း ပြောကြားသည်။ ဘောလက်သည် ၂၀၀၆ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ချယ်လ်ဆီးအတွက် ပွဲပေါင်း ၉၅ပွဲ ကစားထားကာ ဂိုးပေါင်း ၂၀ သွင်းယူပေးနိုင်ခဲ့သည်။

ဘောလက်သည် ထိပ်တန်းကစားသမားဖြစ်ပြီး ချယ်လ်ဆီးအသင်း၌ ဆက်လက်ရှိနေသင့်ကြောင်း ချယ်လ်ဆီးလက်ထောက်နည်းပြ ရေးဝီလ်ကင်က ပြောကြားသည်။

(အင်တာနက်)

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် ရော်ဂျာဖက်ဒဲယား အနိုင်ရရှိပြီး ကွာတားတက်

လန်ဒန် ဇန်နဝါရီ ၂၅

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပလျက်ရှိသော သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၂)ရှိ ရော်ဂျာဖက်ဒဲယားသည် ဇန်နဝါရီ ၂၅ ရက်က ပြိုင်ဘက် တိုမက်ဘာဒိုက်ချ်အား ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

အနိုင်ရရှိ

ဖက်ဒဲယားသည် ကမ္ဘာ့အဆင့် ၂၀ ရှိ ချက်မှတင်းနစ်သမား တိုမင်ဘာဒိုက်ချ်အား ပထမနှစ်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း နောက်ပိုင်းပွဲများတွင် ၄-၆၊ ၆-၇၊ ၄-၇၊ ၆-၄၊ ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိခဲ့သည်။

အသက် ၂၃နှစ် ချက်တင်းနစ်သမား၏ အားပါပြင်းထန်သော လက်ပြန်ရိုက်ချက်များသည် ပွဲကစားစဉ် လက်ရည်ကျသွားပြီးနောက်ပိုင်းတွင် ဖက်ဒဲယားသည် တဖြည်းဖြည်း မူလလက်ရည်ကို ပြန်လည်ရရှိခဲ့သည်။ ယခင်ကမ္ဘာ့အဆင့် (၁) တင်းနစ်သမားဟောင်း ဖက်ဒဲယားသည် ကွာတားဖိုင်နယ်၌ ဂျူအန်မာတင်ဒယ်လ်ပေါ်ထရိုနှင့် ယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။

အာဂျင်တီးနားတင်းနစ်သမား ဒယ်လ်ပေါ်ထရိုသည် ကမ္ဘာ့အဆင့် (၁၉) ရှိ ခရိုအေးရှားတင်းနစ်သမား မာရင်ဆီလစ်အား ၅-၇၊ ၆-၄၊ ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိခဲ့သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

မန်ယူဘောလုံးသမား ၁၀ဦး ဒဏ်ရာရရှိ

လန်ဒန် ဇန်နဝါရီ ၂၅

အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၄ရက်က စပါးနှင့် ကစားခဲ့သောပွဲစဉ်၌ မန်ယူဘောလုံးသမားများဖြစ်သောဖာဘီယိုနှင့် ဝဲလ်ဘတ်တို့ဒဏ်ရာရရှိခဲ့ကြောင်း မန်ယူကလပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် လာမည့် ပရီမီယာလိဂ် ပွဲစဉ်(၂၃)အဖြစ် ဝက်စ်ဘရွန်းနှင့်ကစားမည့်ပွဲစဉ်၌ မန်ယူဘောလုံးသမားအချို့ ဒဏ်ရာကြောင့် ပါဝင်မကစားနိုင်ကြောင်း၊ လောလောဆယ်၌ မန်ယူတွင်ဒဏ်ရာရဘောလုံးသမား ၁၀ဦးအထိရှိနေသည်။ ၄င်းတို့မှာ အန်ဒါဆင်၊ နာနီ၊ ရွန်နေ၊ ဝက်စ်ဘရောင်း၊အီဗန်၊ပတ်ဂျီဆန်၊ နဗီးလ်၊ ဖာဘီယိုနှင့် ဝဲလ်ဘတ် စသည်တို့ ဒဏ်ရာများ ရရှိနေကြသည်။

(အင်တာနက်)

ဂါနာနှင့် ကင်မရွန်းတို့ အကြိုဗိုလ်လုပွဲ တက်ရောက်

လန်ဒန် ဇန်နဝါရီ ၂၅

အာဖရိကတိုက်မှ ဂါနာနှင့် ကင်မရွန်း လူငယ်လက်ရွေးစင်အသင်းများသည် ရဝမ်ဒါနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အသက် ၂၀အောက် အာဖရိက လူငယ်ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(က)တွင် ပြိုင်ဘက် အသင်းများကို ဇန်နဝါရီ ၂၄ရက်က အသီးသီးအနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီ ဖြစ်သည်။

ယှဉ်ပြိုင်ကစား

ဂါနာသည် အုပ်စု(က)တွင် အုပ်စုဗိုလ်ဖြစ်သဖြင့် အုပ်စု(ခ)မှ အုပ်စုဒုတိယနှင့် ဆုံတွေ့မည်ဖြစ်ရာ အုပ်စုဒုတိယဖြစ်သည့် ကင်မရွန်းသည် အုပ်စု(ခ)မှ အုပ်စုပထမအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲစဉ်များကို ဇန်နဝါရီ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**

ရွှေနန်းတော်

နှစ်သစ်ကူး အထူးအစီအစဉ်

ဇန်နဝါရီ(၁၆)ရက်မှ (၃၁) ရက် အထိ

Fancy Cup

T-Shirt / Drink Set

Fancy Torch Light

3 in 1

Golden Palace Diamond Card

23K Yellow Gold

18K White Gold

18K,14K

White Gold Chains

T66 (Rapid Prototyping)

3D Jewellery Design Software (CAD/CAM)

တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက်က အဆိုပါကျောင်း၌ကျင်းပရာ တစ်နိုင်ငံလုံး၌ သတ္တမအဆင့်ရ ခြောက်ဘာသာဂုဏ်ထူးရှင် မမြတ်သီတာဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညို့ညို့လှက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၈)

Special Effect

KMD Computer Centre

Special Effect

Graphic

Video File

[Duration 50 Hours]

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးယူနစ် (CME)နှင့် Myanmar Endocrine and Metabolic Society တို့ ပူးပေါင်းဖွင့်လှစ်သည့် "Diabetes Management Course 2009" သင်တန်းကို ဇန်နဝါရီ ၃၁ ရက်၊ ဖေဖော်ဝါရီ ၁ ရက် ၇ရက်၊ ၈ရက် (စနေ၊ တနင်္ဂနွေနေ့)များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ သင်တန်း ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော ဆရာဝန်များသည် ဇန်နဝါရီ ၂၉ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)တွင် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ချီးမြှင့်

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၂၄ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက်ထူးချွန်ဆုရ စတုတ္ထတန်းမှ မောင်ဇော်ထက်ပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက ဆုချီးမြှင့်စဉ်။(၁၇၀)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

စည်ပင်မြေလမ်းပေါ် မြေတူး၍ လမ်းပျက်စီးနေ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၄)ရပ်ကွက် အပိုင်း(၁၇) သရဖူ ၂ လမ်းမှ အိမ်တစ်အိမ်သည် မြေအောက်ရေရောင်းရန်အလို့ငှာ အများပြည်သူသုံးသော စည်ပင်မြေလမ်းနယ်နိမိတ်အား ခွင့်ပြုချက်မဲ့ တူးဖော်၍ ရေပိုက်များမြှုပ်ခြင်းကြောင့် အများပြည်သူသုံး လမ်းပျက်နေပါသဖြင့် သက်ဆိုင်ရာမှ စိစစ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

အသားဈေးနှုန်းများ စည်ပင်သတ်မှတ်ဈေးရောင်းပေးပါ

စာတည်းခင်ဗျား-

ကော့သောင်းမြို့နယ်တွင် စည်ပင်သာယာမှ စားသုံးသူများအတွက် အသားများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးရန် သားသတ်လိုင်စင်များထုတ်ပေးပြီး အမဲသားများကို ရောင်းချစေခဲ့ပါသည်။ သို့ပါသော်လည်း လိုင်စင်ရဈေးသည်များသည် စားသုံးသူများကို ဈေးနှုန်းတင်ပြီး ရောင်းချနေပါသဖြင့် ကြပ်မတ်စစ်ဆေးပြီး သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချနိုင်ရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကော့သောင်းမြို့နယ်မှ ပြည်သူများ

ကျူးကျော်ဆိုင်များကြောင့် လမ်းသွားများ အခက်ကြုံနေ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်အတွင်း လမ်းသွယ်၊ လမ်းကျယ်များဘေး တစ်ဖက်တစ်ချက်စီတွင်ရှိသော အဆောက်အအုံအချို့၏ မြေညီထပ်များ၌ နေထိုင်ကြသူများသည် အိမ်ရှေ့ရှိ စည်ပင်သာယာနယ်နိမိတ်ပေါ်တွင် အမိုးများဆောက်၍ ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ကုန်မျိုးစုံဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ မော်တော်ယာဉ်များနှင့် အနေးယာဉ်များ ရပ်နားသွားလာရန် အခက်အခဲရှိနေပြီး ခြေကျင်သွားလာကြသူများမှာလည်း အခက်ကြုံကာ ကားလမ်းပေါ်မှ သွားလာနေကြရသဖြင့် အသက်အန္တရာယ်ပင် စိုးရိမ်နေရပါသည်။ သို့ပါ၍ အမိုးများကို ကျူးကျော်ဆောက်လုပ်ထားသူများအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျောက်မြောင်းလမ်းသူများ

အမှိုက်ပုံကြီး ရှင်းလင်းပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာ (၆)ရပ်ကွက် မဟော်ဂနီလမ်းနှင့် သုခမြတ်လမ်းဆုံရာနေရာတွင်ရှိသော အမှိုက်ပုံကြီးမှ အနံ့ဆိုးများနှင့် အညစ်အကြေးများကြောင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသည်။ သို့ပါ၍ အဆိုပါ အမှိုက်ပုံကြီးကိုဖယ်ရှားပြီး အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသားတစ်ဦး

ရပ်ကွက်အတွင်းမှ ကားဘော်ဒီရုံ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ပုညဝတ္တုနလမ်း၌ ခွင့်ပြုချက်မရဘဲ ဖွင့်ထားသည့် ကားဘော်ဒီရုံနှင့် ဆေးမှုတ်ရုံသည် သက်ဆိုင်ရာမှ မကြာခဏ တားဆီးနေသည့်ကြားမှ ဆက်လက်လုပ်ကိုင်နေပါ၍ ယင်းအလုပ်ရုံအား ထိရောက်စွာ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

နတ်ချောင်းသား

သစ်စက်သံ နားမခံနိုင်

သဃ်န်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် ရတနာမဥ္ဇူလမ်းနှင့် ကြိုးစက်လမ်းထောင့်ရှိ အိမ်တစ်အိမ်မှ နေ့စဉ်မီးစက်ဖြင့် သစ်စက်လည်ပတ်လျက်ရှိရာ နားမခံနိုင်ဘဲ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန်တင်ပြပါသည်။ **နားမခံနိုင်သူတစ်ဦး**

အမှိုက်ပုံကြီး ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် အေးစေတီလမ်းနှင့် ရွှေဖူးမျှော်လမ်းထောင့်ရှိ အမှိုက်ပုံကြီးကို သက်ဆိုင်ရာမှ ဖယ်ရှားဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒေါပုံသား

ရွှေချိန်ခွင်လမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း မအူပင်မြို့ (၁)ရပ်ကွက် ရွှေချိန်ခွင်လမ်းသည် လမ်းမှာကျဉ်းပြီး ကျင်းများ၊ ချိုင့်များဖြစ်၍ ပျက်စီးနေပါသဖြင့် စက်ဘီး၊ဆိုက်ကားများ၊ ဆိုင်ကယ်များနှင့် လမ်းသွားလမ်းလာများ ခက်ခဲစွာသွားလာနေရပါသဖြင့် ပြုပြင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ရွှေချိန်ခွင်လမ်းသူများ

အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်နေမှု ဆောင်ရွက်ပြီးစီး

၁၅-၁၂-၂၀၀၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဒိုက်ဦးမြို့ ကုန်သည်လမ်း မြောက်ပိုင်း ပျံကျဈေးသည်များစွန့်ပစ်ခဲ့သော အမှိုက်များမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်နေ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

လက်ဖက်ရည်ဆိုင် စည်းကမ်းမဲ့ ဖွင့်လှစ်မှုဆောင်ရွက်ပြီးစီး

၂၉-၉-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **စစ်တွေမြို့ ကျောင်းကြီးလမ်းရှိ စည်းကမ်းမဲ့ ဖွင့်လှစ်ရောင်းချသော လက်ဖက်ရည်ဆိုင်ကို သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့်ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ မြန်မာစာ

၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

စာမေးပွဲဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသားများဟာ မြန်မာစာ မေးခွန်းပုံစံကို လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ မြန်မာစာမေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး(၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရအလင်္ကာ(၁)ပုဒ်၊ ကဗျာဓမ္မဓိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည်(၁)ပုဒ်၊ စကားပြေဓမ္မဓိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည်(၁)ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံးမေးခွန်း(၁)ပုဒ် တို့ဖြစ်ပါတယ်။

အဲဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများ ပါဝင်မှာဖြစ်ပါတယ်။ မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့ မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပိုဒ်ခွဲ (၃)ခုခွဲပြီး မေးထားတယ်။ ပိုဒ်ခွဲ(က)မှာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာအခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထားပြီးတော့ (၁)ခုဖြေရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အုတ်ခွက်စာ၊ မင်စာစတဲ့ စာအမျိုးမျိုး၊ ဇကွဲပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ အ ပြောင်းလဲပုံ အစရှိတဲ့ အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံတွေ၊ ဌာန်၊ ကရိုဏ်းနဲ့ပယတ်၊ စကားသံဖြစ်အင်္ဂါများ၊ မြန်မာပါဠိဆင့်များ၊ အက္ခရာတူဆင့်များ၊ ဝါစင်္ဂဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဝါကျဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များထဲက မေးမှာဖြစ်ပါတယ်။

ဒီနေရာမှာ ခေါင်းလောင်းစာတို့၊ နငယ်ပြောင်းလဲပုံတို့ ဖြေရင် ကျက်ထားသမျှကို အစီအစဉ်တကျ ရေးပြရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁ (ခ)ကတော့ သဒ္ဒါလေ့ကျင့်ခန်း မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း(၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကို သေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရမယ်။ သာဓကပြရမယ်ဆိုရင် ဆက်စပ်ပုံအရမည်သည့်သမ္ဗန္ဓ ဖြစ်ကြောင်းမေးထားတဲ့ ''သကဲ့သို့'' စကားလုံးကို ဖြေရင် ''ဝါကျဆက်သမ္ဗန္ဓ'' လို့ဖြေရပါမယ်။ ''ဝါးလက်ခုပ်'' ကို ရှေ့နာမ် ''ဝါး'' က နောက်နာမ် ''လက်ခုပ်''ကို အထူးပြုထားတဲ့ ပေါင်းစပ်နာမ်ဖြစ်ကြောင်း၊ ''သုံးယောက်'' သည် အရေအတွက်ပြသင်္ချာနာမဝိသေသနဖြစ်ကြောင်း၊ ''ကွယ်၊ နော်၊ ပေါ့လေ'' တို့ဟာ ဝါကျနောက်လိုက်ပစ္စည်းဖြစ်ကြောင်း စသည်ဖြင့် သဒ္ဒါအဖြေတွေကို တိတိကျကျဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁(ဂ)ကတော့ သဒ္ဒါကိုအမှန်တကယ် နားလည်တတ်ကျွမ်းမှုရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခုမေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့်တော့ သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။ ''သင့်''ဆိုတဲ့ ကြိယာထောက်ပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်–

''ကျောင်းသားတိုင်း စာကြိုးစားသင့်သည်။'' လို့ဝါကျဖွဲ့ရမှာဖြစ်ပါတယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာတွေထဲက ဝေါဟာရတွေ၊ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမှာဖြစ်ပါတယ်။

၂(က)မှာ စာသုံးပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံတိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာ ကျက်ထားရင် လုံလောက်နိုင်ပါတယ်။ သာဓကအနေနဲ့ မေးခွန်းတစ်ခုဖြေပြပါမယ်။ ''မယ့်သည်ပင်'' ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာပါတဲ့အတိုင်း ''မယ့်ချစ်သူ'' ဆိုပြီးတော့ ဖွင့်ရပါမယ်။ ''မယ့်သည်ပင်''သည် နာမ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဖွင့်သည်နာမ်အနက်ပဲ ဖြစ်ရပါမယ်။

မေးခွန်း၂(ခ)မှာတော့ ယနေ့ခေတ်သုံးဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခုမေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့ သုံးစွဲပုံအနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်းဖြစ်ရပါမယ်။ ဆိုကြပါစို့ ''အန်တု'' ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင် ''မြန်မာ့သတ္တိကို အန်တု၍မရနိုင်ပါ'' ဆိုတဲ့ ဝါကျမျိုးဖြစ်ရပါမယ်။

မေးခွန်း၂(ဂ)ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝက်ဝုတ္တိ၊ မြည်သံစွဲ အစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း(၈)ခုမေးပြီးတော့ (၅)ခုဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ်ဆိုတာတွေကို ဖြေရမှာဖြစ်ပါတယ်။

ဖြေတဲ့အခါမှာလည်း ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုခိုင်းနှိုင်းဖွဲ့ဆိုကြောင်း၊ ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝက်ဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လို တိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လို အလွန်အကျူးရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည်သံကိုထည့်သွင်းဖွဲ့ဆိုထားကြောင်း ဆိုတဲ့ သက်ဆိုင်ရာအလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီးရှင်းပြရမှာ ဖြစ်ပါတယ်။

''ငှက်ပျံသလို'' ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို အိမ်ရှေ့ကိုယ်တော်ကြီး စကားပြေမှ အိမ်ရှေ့ကိုယ်တော်ကြီးသည် အောင်ပင်လယ်ကန်၌ ရေမြှုပ်ဖုံးများ ဖောက်ခွဲသောအခါ ပျဉ်တိုပျဉ်စများ လွင့်စဉ်ဝဲပျံနေပုံကို ရည်ညွှန်းဖော်ပြရာ၌ ဆက်စပ်သုံးထားခြင်းဖြစ်ကြောင်း၊ အောင်ပင်လယ်ကန်တွင် ရေမြှုပ်ဖုံးများ ဖောက်ခွဲလိုက်သောအခါ ပျဉ်တိုပျဉ်စများ လွင့်စဉ်ဝဲပျံနေပုံ (အနှိုင်းခံ)ကို ငှက်များဝဲပျံနေပုံ (အနှိုင်း)နှင့် ဂုဏ်ရည်တူချင်း ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာမြောက်ကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများဖြစ်တယ်။ ပိုဒ်ခွဲ(က)မှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ မေးထားတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေအတွက် ကဗျာတစ်ပိုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ကဗျာ့သဘော၊ ကဗျာမှာပါတဲ့အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊ ကဗျာနဲ့သက်ဆိုင်တဲ့ထူးခြားချက်များ စတာတွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

ဆိုကြပါစို့။ ရွှေနှင့်ယိုးမှားပန်းစကားကဗျာကို ပုဂံခေတ်တွင်ရေးခဲ့ကြောင်း၊ ဌာနီပြည်ကြီးက ဝေးသနှင့် ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်းဆိုတာတွေအပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့ အနက်အဓိပ္ပာယ်များကအစ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၃) ပိုဒ်ခွဲ(ခ)ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့သုတရသတွေကို လေ့လာထားရပါမယ်။ အရေးအကြီးဆုံးအဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့မေးတာလား၊ ဒီကဗျာနဲ့ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင်ခံစားချက်ကိုမေးတာလား စသည်ဖြင့် ကွဲကွဲပြားပြားသိဖို့ လိုအပ်ပါတယ်။

''တောင်သူကြီး'' ကဗျာမှပေးသော ရသနှင့်အသိအမြင်ကို တင်ပြပါဆိုတဲ့မေးခွန်းကို ဖြေတဲ့အခါမှာ ရသကိုသာဖြေကြပြီး အသိအမြင်ကိုမဖြေတတ်ကြဘူး။ အသိအမြင်ဆိုတာ ဒီကဗျာနဲ့ပတ်သက်တဲ့ ကဗျာက ပေးတဲ့ အသိကိုဖော်ပြမှာဖြစ်တယ်။ တောင်သူကြီးဟာ ဘေးဘိုးစဉ်ဆက် ဘုရင့်အမှုတော်ထမ်းခဲ့ပုံ၊ ရန်အပေါင်း ဖြိုခွင်းနိုင်ပုံ စတဲ့ စွမ်းရည်သတ္တိတွေကို သိရတဲ့အတွက် ဝီရရသခံစားရပြီး ကုန်းဘောင်ခေတ် ကတည်းကပင် တိုင်းပြည်နှင့်အရှင်မင်းမြတ်အပေါ် သစ္စာရှိတဲ့၊ ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ သူရဲကောင်းတွေရှိနေကြောင်း သိမြင်ရပါတယ်ဆိုတာမျိုး တင်ပြနိုင်ရပါမယ်။ တိုင်းရေးပြည်မှုပြီးချိန်မှာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးပုံ၊ လူပျိုကြီး ဘဝ ပျော်မွေ့ပုံ၊ ကျေနပ်ပုံတို့ကိုသိရတဲ့အတွက် သန္တရသနှင့် မြန်မာလူမျိုးတို့ဟာ တောင်သူလယ်လုပ် ရိုးရာ အသက်မွေးမှုတို့ဖြင့် လုပ်ကိုင်ကြကြောင်း၊ အသိအမြင်များ သိမြင်လာစေကြောင်း တင်ပြရန်ဖြစ်ပါတယ်။ တောင်သူကြီးဟာ ချက်ပြုတ်ပြီးတဲ့အခါ အပျိုငယ် ရွှေနံကားအောင် စားပါလှည့်လို့ ဖိတ်ခေါ်နေတဲ့အတွက် ပြုံးရွှင်ဖွယ်ဟာသရသခံစားရပြီး ရိုးသားပွင့်လင်းတဲ့ မြန်မာတို့ရဲ့ စိတ်ဓာတ်နဲ့ စရိုက်ဟာ မြတ်နိုးဖွယ်ကောင်းကြောင်း၊ အသိအမြင်တွေရရှိကြောင်း တင်ပြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကဗျာမေးခွန်းကို ဖြေတဲ့အခါမှာ မေးခွန်းမှာပေးထားတဲ့ တောင်သူကြီးကဗျာမှ ရသနဲ့အသိအမြင်ဆိုတဲ့ (၂)ပိုင်းကို (၂)ပိုင်းစလုံးပါအောင် ပြည့်စုံစွာ ဖြေဆိုတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း(၄)ကိုတော့ ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်ထဲက မေးပါမယ်။ မေးခွန်း(၄)မှာ ပိုဒ်ခွဲ(က)နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။ ပိုဒ်ခွဲ(က)က ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေ ရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့စကားပြေစာအုပ်အမည်စတဲ့ စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၄) ပိုဒ်ခွဲ(ခ)မှာတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတ ရသသင်ခန်းစာတွေကို လေ့လာရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ဦးတည်ချက်ကို ခွဲခွဲခြားခြားသိဖို့ လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကိုဦးတည်မေးတာလား၊ အရေးအဖွဲ့ကိုဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြား နားလည်ရန်လိုအပ်ပါတယ်။ သာဓကအနေနဲ့ ၄ (ခ) မေးခွန်းဖြစ်တဲ့ မိဖုရားဖွားစော၏အလှူနှင့် စိတ်ဓာတ်လိုက်ဖက်ညီပုံမေးခွန်းကို တင်ပြလိုပါတယ်။

ဒီမေးခွန်းမျိုးဖြေတဲ့အခါမှာ အလှူပြုပုံရယ်၊ စိတ်ဓာတ်ရယ်၊ အလှူနဲ့စိတ်ဓာတ်လိုက်ဖက်ညီပုံရယ် (၃)ချက် ဖြေပေးရမှာဖြစ်တယ်။ ဆိုကြပါစို့ မိဖုရားဖွားစောဟာ အလှူပစ္စည်းတစ်ခုစီအတွက် အလှူပြုရတဲ့ ရည်ရွယ်ချက်တစ်ခုစီကို အသေးစိတ်ဖော်ပြထားတဲ့အတွက် စနစ်တကျအစီအမံပြုပြီး လှူထားတဲ့အလှူရယ်၊ စနစ်တကျစီမံတတ်တဲ့ စေ့စပ်သေချာတဲ့စိတ်ဓာတ်ရယ် လိုက်ဖက်ညီနေတာ တွေ့ရကြောင်း ဖော်ပြပေးရမှာပါ။ အမျှဝေတဲ့အခါ မင်းအားလုံးအမျှဝေပေးတယ်။ လက်ရှိအုပ်ချုပ်သူ မင်းအပေါ် အလေးအမြတ်ထားပြီး ဦးစွာအမျှဝေထားတာဟာလည်း ဦးစားပေးရမယ့်သူအပေါ် အလေးအမြတ်ပြုပြီး အမျှဝေတဲ့အလှူနဲ့ ဦးစားပေးတတ်တဲ့ အလှူရှင်ရဲ့စိတ်ဓာတ်တို့လိုက်ဖက်ညီပုံကို တင်ပြရမှာဖြစ်တယ်။ အကောင်းဆုံး ဆုတောင်းထားတဲ့အတွက် အကောင်းဆုံးကိုရလိုတဲ့စိတ်ဓာတ် လိုက်ဖက်ညီပုံတို့ကို ရှင်းပြဖြေဆိုရမှာဖြစ်တယ်။ အချို့စာဖြေသူတွေဟာ မေးခွန်းရဲ့အဓိပ္ပာယ်ကို အသေအချာမလေ့လာဘဲ မိဖုရားဖွားစောအလှူပြုပုံတွေကိုပဲ ရေးကြတဲ့အတွက် ဂုဏ်ထူးအမှတ်နဲ့ လွဲသွားရတာဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်းကိုအသေအချာဖတ်ပြီး မေးထားတဲ့အပိုင်းကို (၃)ပိုင်း မေးရင် (၃)ပိုင်းစလုံးပါအောင် အမေးနဲ့ ကိုက်ညီအောင် ဖြေတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း(၅)ကတော့ ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ပိုဒ်ခွဲ(က)နဲ့ (ခ) ဆိုပြီးတော့ ၂–ပုဒ် မေးထားပါတယ်။ ပိုဒ်ခွဲ(က)မှာ စကားစပ်မေးပါတယ်။ စကားစပ်ကိုဖြေတဲ့အခါမှာတော့ ပေးထားတဲ့ စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့ စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့အတွက် ပြဇာတ်ကိုကျေညက်နေအောင် လေ့လာထားရပါမယ်။

စကားစပ်ကိုဖြေတဲ့နေရာမှာ သိထားရမယ့်အချက်တွေကတော့ မည်သည့်အခန်းကဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း(၁) အခန်း(၂)စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောက်ျား စကားဆိုခန်း၊ ရေသည်မိန်းမစကားဆိုခန်း၊ ရေသည်ယောက်ျား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်း နောင်တရခန်းစသည်ဖြင့် အခန်းအမှတ်ရော၊ အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

စကားစပ်မှာ နောက်ထပ် သတိပြုရမယ့်အချက်တွေကတော့ တစ်ကိုယ်တည်းစကားတွေကို ဖြေဆိုတဲ့အခါမှာ ဘယ်သူက ဘယ်သူ့ကိုဆိုတာကို ရှာဖွေနေစရာ၊ ပြောစရာမလိုပါဘူး။ မိမိတစ်ကိုယ်တည်း ပြောသောစကားဖြစ်သည်လို့ဖြေရင် လုံလောက်ပါတယ်။ အချိန်ကိုလည်း နံနက်အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့်ဖော်ပြနိုင်သလို ရေသည်မိန်းမ ရေရောင်းထွက်ချိန်၊ ရေသည်ယောကျ်ား ရေရောင်းထွက်ချိန် စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။

မေးခွန်း(၅) ပိုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို (၂) ပိုင်းခွဲလို့ ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။

(၂) ကတော့ ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။

ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင်သုံးယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။ အဲဒီအကြောင်းအရာ မေးခွန်းတွေကို ဖြေတဲ့အခါမှာလဲ စကားစပ်ရဲ့ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့မေးခွန်းနဲ့ မသက်ဆိုင်တဲ့အချက်အလက်တွေကို ထည့်ပြီးမရေးရပါဘူး။ ကိုယ်ပိုင်စကားပြေနဲ့ ရေးရမှာဖြစ်ပါတယ်။ မေးခွန်းရဲ့ ဆိုလိုရင်းကို ပေါ်လွင်အောင် ဖြေဆိုတတ်ဖို့ အထူးအရေးကြီးပါတယ်။

မေးခွန်း(၆)ကတော့ စာစီစာကုံးမေးခွန်း ဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာမေးခွန်းလွှာမှာ အမှတ်အများဆုံး၊ အမှတ်(၂၀)ပေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် (၃)ခုပေးထားပြီးတော့ အဲဒီခေါင်းစဉ် (၃)ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် (၃)ခုလုံးမှာလည်း ပံ့ကြမ်း အချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။

ဗဟုသုတများ၊ အတွေးအမြင်များ၊ စကားပုံဆိုရိုးများကိုလည်း ထည့်သွင်းပြီးရေးလို့ရပါတယ်။ ဝါကျတစ်ကြောင်းနဲ့တစ်ကြောင်း၊ စာတစ်ပိုဒ်နှင့်တစ်ပိုဒ်၊ နိဒါန်း၊ စာကိုယ်၊ နိဂုံးဆိုတဲ့ စာစီစာကုံးရဲ့ အပိုင်း(၃)ပိုင်း၊ ဒါတွေမှာ အချိတ်အဆက်မိဖို့ လိုပါတယ်။ ခေါင်းစဉ်နဲ့ ဆီလျော်တဲ့အတွေးအခေါ် အတင်အပြမျိုး ဖြစ်တယ်ဆိုလို့ရှိရင်၊ အရေးအသားလည်း ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် ရေးမယ်ဆိုလို့ရှိရင် အမှတ် ကောင်းကောင်းရမှာဖြစ်ပါတယ်။

အားလုံးကိုခြုံပြောရရင် မြန်မာစာဘာသာရပ်ကို ဖြေဆိုတဲ့အခါ စာလုံးပေါင်းသတ်ပုံ မှန်ရမယ်။ ဖျက်ရာခြစ်ရာတွေနဲ့ ရှုပ်ပွနေမှု ကင်းရမယ်။ နည်းရမယ်။ လက်ရေးလက်သား လှပသေသပ်ရမယ်။ မေးခွန်းနဲ့ အဖြေလွဲမှားမှုမရှိအောင် ဂရုစိုက်ရမယ်။ အခုဆွေးနွေးခဲ့တဲ့အချက်တွေဟာ မြန်မာစာကို ကျက်မှတ်လေ့လာ ဖြေဆိုရာမှာ ကောင်းစွာ အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

မြန်မာစာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါခေါ်ရက်	တင်ဒါပိတ်ရက်
၁။	စက်ပစ္စည်းသယ်ပို့ရန်	422M/T	၂၆-၁-၂၀၀၉ရက်	၅-၂-၂၀၀၉ရက်
၂။	Colour Stain(Ks/FE)	6 Items	၂၆-၁-၂၀၀၉ရက်	၁၆-၂-၂၀၀၉ရက်
၃။	Conveyor Belt(Ks)	1 Lot	၂၆-၁-၂၀၀၉ရက်	၁၆-၂-၂၀၀၉ရက်

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ရောင်းဝယ်ရေးဌာန ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၂၉၈)။

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၃၈၁၁၈ Loncin 110 M/C ယာဉ်လက်ဝယ်ရှိသူဦးစန်းငွေ ၈/မလန(နိုင်)၀၁၂၂၆၃က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (သရက်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(သရက်)။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ တောင်ဒဂုံမြို့၊ (၂၅)ရပ်ကွက်၊ ယုဇနလမ်းနေ ကျွန်မတို့၏ သမီးဖြစ်သူ မခင်မာဆွေ ၁၂/ဒဂတ(နိုင်)၀၄၈၆၇၂သည် မိဘနှင့် မိသားစုအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ လုံးဝတာဝန်မယူကြောင်း သိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်မစိန်ညွန့် ၁၁/ဘသတ(နိုင်)၀၁၀၂၄၀။

မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်နေ ဦးဆန်ဒိပ် ၁/မကန(နိုင်)၀၈၅၅၆၉နှင့်အများသိစေရန် အသိပေးကြေညာချက်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ (၄)ရပ်ကွက်၊ အမှတ် ၁၄နေ ဒေါ်ဆန်ဂျနားကူမာရီ ၉/မမန(နိုင်)၀၈၇၉၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးဆန်ဒိပ်နှင့်အများသိစေရန် အသိပေးကြေညာပါသည်။

ဦးဆန်ဒိပ်နှင့်ဒေါ်ဆန်ဂျနားကူမာရီတို့သည် ၉-၅-၂၀၀၅ရက်က ဟိန္ဒူဓလေ့ထုံးစံနှင့်အညီမင်္ဂလာဆောင်နှင်းခဲ့ကြပြီးနောက် သားယောကျ်ားလေးတစ်ဦး ထွန်းကားခဲ့ပြီး ယနေ့တိုင် တရားဝင်ကွာရှင်း ပြတ်စဲခြင်း မရှိသေးပါ။

ဦးဆန်ဒိပ်နှင့် ဒေါ်ဆန်ဂျနားကူမာရီတို့ လက်ထပ်စဉ်က မိန်းကလေးရှင်များဘက်မှ ဒေါ်ဆန်ဂျနားကူမာရီအား ၎င်း၏ရထိုက်ခွင့်အဖြစ် ကာလတန်ဖိုး ငွေကျပ်သိန်း ၂၀၀၀ကျော်တန်ဖိုးရှိ ရွှေ၊ ငွေ၊ ပစ္စည်းမျိုးစုံကို ပေးကမ်းခဲ့ပြီးနောက် ဦးဆန်ဒိပ်မှ ၎င်းပစ္စည်းများထဲမှ အချို့အဝက်ကို ပေါင်နှံရင်းနှီး၍ လုပ်ငန်းတွင် အရင်းတိုးချဲ့ ရင်းနှီးခဲ့သဖြင့် ယခုအခါ အိမ်မြေအဆောက်အအုံများ၊ ရင်းနှီးငွေများမှာ တိုးတက်ခဲ့ပြီးဖြစ်ကြောင်း ဦးဆန်ဒိပ်ကိုယ်တိုင်မှ သိရှိပြီးဖြစ်ပါသည်။

၁၄-၇-၂၀၀၆ရက်တွင် ဟိန္ဒူဓလေ့ထုံးတမ်းအရ (ရာခီးပွဲ)အတွက် ဖခင်ဖြစ်သူမှ လာရောက်ခေါ်ယူသဖြင့် ဒေါ်ဆန်ဂျနားကူမာရီမှ မိမိခင်ပွန်းနှင့်တကွ ယောက္ခမများထံခွင့်ပန်ခဲ့ပြီး ခေတ္တပြန်လာချိန်တွင် ဦးဆန်းဒိပ်မှ ဒေါ်ဆန်ဂျနားကူမာရီ၏ ဖခင်ဖြစ်သူအား တရားစွဲဆိုခြင်းတို့ကို လုပ်ဆောင်ခဲ့ပြီးနောက် အများအမြင်တွင် ၎င်းအား အထင်လွဲမှုမရှိစေရန် မြန်မာ့အလင်းသတင်းစာမှ ၂၈-၁-၂၀၀၈ရက်စွဲဖြင့် အမြန်ပြန်လာရန်ခေါ်ယူခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ပါသည်။

ဒေါ်ဆန်ဂျနားကူမာရီ၏ ပစ္စည်းငွေကြေးများဖြင့် လုပ်ငန်းတွင်ကျယ်ခဲ့ပြီးနောက် ဦးဆန်ဒိပ်မှ ဒေါ်ဆန်ဂျနားကူမာရီအား မြစ်ကြီးနားမြို့သို့ ပြန်မလာရန် တားဆီးခြင်း၊ ယောက္ခမများမှ မြစ်ကြီးနားမြို့သို့ပြန်လာလျှင် လက်မခံပါ။ ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခြင်းများ ပြုလုပ်ပြီးနောက် ၂၃-၁၁-၂၀၀၈ရက်တွင် ဦးဆန်ဒိပ်မှ အခြားအမျိုးသမီးတစ်ဦးနှင့် ရန်ကုန်မြို့တွင် ထပ်မံ၍တရားဝင်လက်ထပ်ခဲ့ပါသည်။ ကျွန်မပိုင်ဆိုင်သော ပစ္စည်းငွေကြေးများနှင့်ပတ်သက်၍လည်းကောင်း၊ လင်ခန်းမယားခန်းနှင့် သားဖြစ်သူတို့နှင့် ပတ်သက်ပြီး တစ်စုံတစ်ရာပြတ်သားစွာ ဆွေးနွေးညှိနှိုင်းခြင်းများ လုပ်ဆောင်ခြင်းမရှိဘဲ ထပ်မံအိမ်ထောင်ပြုခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးဆန်ဒိပ်မှ ဒေါ်ဆန်ဂျနားကူမာရီပိုင် ပစ္စည်းငွေကြေးများနှင့် ပတ်သက်၍လည်းကောင်း၊ သားနှင့် ဇနီးမိသားစုတို့နှင့် ပတ်သက်၍လည်းကောင်း၊ တိကျပြတ်သားစွာရှင်းလင်းရန် ဤကြော်ငြာပါရှိသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ဒေါ်ဆန်ဂျနားကူမာရီနှင့် မိဘ၊ မောင်နှမများထံဖြစ်စေ လာရောက်ရှင်းလင်းပါရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ရှင်းလင်းခြင်းမရှိပါက တရားဥပဒေနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းများဖြင့် အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးဆန်ဒိပ်နှင့်တကွ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးပို
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၆၁၇)
အခန်းအမှတ်-(ဒီ-၁)၊ လမ်း ၇၀၊ ၃၀×၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ရန်ကုန်စီးပွားရေးတက္ကသိုလ် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၂၀၀၉ခုနှစ် မတ်လ ၈ရက်နှင့် ၉ရက်များတွင် ပြုလုပ်မည့် (၄၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း(အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် ချိပ်ပိတ်ဈေးနှုန်းလွှာ (တင်ဒါ)ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၂၀-၂-၂၀၀၉ရက် ညနေ ၃:၀၀နာရီ နောက်ဆုံးထား တင်သွင်းရပါမည်။ အသေးစိတ် အချက်အလက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန လေလံကြော်ငြာ

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အသုံးပြုပြီးဖြစ်သည့် စားအုန်းဆီ ပီပါခွံဟောင်း ရန်ကုန်ဂိုဒေါင်ရှိ ၅၉၁လုံး၊ မန္တလေးဂိုဒေါင်ရှိ ၄၂၁လုံး စုစုပေါင်း ၁၀၁၂လုံးတို့ကို ဈေးပြိုင်စနစ်ဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ(၁)၌ ၃-၂-၂၀၀၉ရက် မွန်းလွဲ ၁နာရီတွင် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံယှဉ်ပြိုင်ဆွဲဝယ်လိုသူများသည် စပေါ်ငွေများကို လေလံရက်မတိုင်မီ တစ်ရက်ကြိုတင်ပေးသွင်းရမည် ဖြစ်ပါသည်။ လေလံစည်းကမ်းချက်များကို အသေးစိတ်သိလိုပါက မင်္ဂလာဈေး၊ ဒုတိယထပ်ရှိ ဈေးနှင့်သားသတ်ဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဌာနမှူး
ဈေးနှင့်သားသတ်ဌာန။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးတင်အောင်၏ ပတ်စ်ပို့အမှတ် **A-003650** သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါနံပါတ်သို့ ဆက်သွယ်ပို့ပေးပါရန်။ **ဦးတင်အောင် ဖုန်း-၀၁-၅၁၆၂၀၁။**

EASY SPOKEN ENGLISH

ဦးဦးမြတ်ခိုင်(ဘာသာပြန်စာရေးဆရာ/အင်္ဂလိပ်ဘာသာဧည့်လမ်းညွှန်)

ဆရာ့သင်တန်းကို ခြောက်လခန့်တက်ရောက်ပြီးနောက် သစ်လုပ်ငန်း Company တွင် နိုင်ငံခြားသားများနှင့် ပြောဆိုဆက်ဆံရာ၌ ပိုမိုအဆင်ပြေ ချောမွေ့လာပါသည်။

မယုဇနလှိုင် B.A (စီးပွား/စီမံ) ဆက်သွယ်ရန် ဖုန်း-၀၉-၅၁-၄၆၈၈၀
တိုက်(၃၉-A)၊ ငါးလွှာ၊ လမ်းမတော်(၁၅)လမ်း အောက်ဆုံးဘလောက်။

တရားမပုံစံအမှတ်-၁၄၁

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
ကွယ်လွန်သူ-ကော်ရှုပ်ကျိုန်(ခ)ဒေါ်မြင့်မြင့်၌ ကျန်ရှိရစ်သော ပစ္စည်းများအကြောင်း။
၂၀၀၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၇

ငေါ်ကွီလင်(ခ)ဦးကြည်
အမှတ်(၇၁၇)၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း၊ **လျှောက်ထားသူ**
၁-ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ငေါ်ကွီလင်(ခ)ဦးကြည်က ကွယ်လွန်သူ ကော်ရှုပ်ကျိုန်(ခ)ဒေါ်မြင့်မြင့်၏ ခင်ပွန်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ကော်ရှုပ်ကျိုန်(ခ)ဒေါ်မြင့်မြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများသူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူကော်ရှုပ်ကျိုန်(ခ)ဒေါ်မြင့်မြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၄ရက် (၁၃၇၀ပြည့်နှစ် တပို့တွဲလဆန်း ၁၀ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ငေါ်ကွီလင်(ခ)ဦးကြည်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ညီညီစိုး
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

မသန်စွမ်းသူများအတွက် (အထူး)အခွင့်အရေးကောင်း အသက်မွေးဝမ်းကျောင်းပညာ သင်တန်းသား/သူ ခေါ်ယူခြင်း

အကူအညီပေးရေးနှင့်ပြန်လည်ထူထောင်ရေးအသင်း AAR (JAPAN)မှ အဆင့်မြင့် ဂျပန်နည်းပညာ စက်ချုပ်နှင့် ဆံသအလှပြုပြင်ခြင်း သင်တန်းများကို တစ်နှစ်လျှင် (၃)ကြိမ် အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါ မသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများ လျှောက်ထားနိုင်ပါသည်။ သင်တန်းကြေး၊ နေထိုင်စားသောက်စရိတ်နှင့် သင်တန်းသား/သူများအတွက် အသွားအပြန် အနည်းဆုံးခရီးစရိတ်ကို AAR (JAPAN) မှစရိတ်ငြိမ်း တာဝန်ယူပါမည်။ သင်တန်းသား/သူ တစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ/မများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက် ရှိပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံး လက်ခံလျက် အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါသည်။ ဒုတိယအပတ်စဉ် ၂၀၀၉ခုနှစ်သင်တန်းအတွက်

လျှောက်လွှာပိတ်မည့်ရက် - ၂၇ရက်၊ ဖေဖော်ဝါရီလ ၂၀၀၉ခုနှစ်။

သင်တန်းကာလ - ၂၀၀၉ခုနှစ် မေ ၄ရက်မှ ၂၀၀၉ခုနှစ် ဩဂုတ် ၁၃ရက်အထိ။

ဆက်သွယ်ရန်လိပ်စာ - မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်း ပညာသင်ကျောင်း AAR (JAPAN) အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံရှေ့၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၁၇၁၂ AAR (JAPAN)။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမိုးမိုးမွန်၏ ပတ်စ်ပို့အမှတ် ၀၈၄၃၂၆ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **မမိုးမိုးမွန် ဖုန်း-၀၉-၅၀-၀၈၃၀၉။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃က/၅၇၁၁ Toyota Corolla KE72 S/W ယာဉ်လက်ဝယ်ရှိသူ ဦးလှဦး ၁၀/မလမ(နိုင်)၁၅၁၄၆၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်)ရုံး၊ ရန်ကုန်မြို့။

ဦးထွန်းထွန်းခိုင်(ဘ)ဦးစိန်မောင်၁၄/ဝခမ(နိုင်)၁၃၀၆၂၀နှင့် မငြိမ်းချမ်းချို(ဘ)ဦးကျော်မြင့် ၁၂/ကမရ(နိုင်)၀၁၁၈၃၃ ယခင်အမှတ်(၁၂)၊ ဒုတိယထပ်(ညာ) မြင့်မိုရ်လမ်း၊ စမ်းချောင်းမြို့နယ်တွင်နေထိုင်သူများ(ယခုနေလိပ်စာမသိ) သိစေရန်

၁။ အလုံမြို့နယ်၊ ကွင်းကျောင်းလမ်း၊ အမှတ် ၃၃နေ ဦးအောင်ဇော်ထွဋ် ၁၂/အလန(နိုင်) ၀၂၇၄၆၃၏ ညွှန်ကြားချက်အရ ကိုထွန်းထွန်းခိုင်နှင့် မငြိမ်းချမ်းချိုတို့သိစေရန် ကြော်ငြာအပ်ပါသည်။

၂။ ဦးအောင်ဇော်ထွဋ်က (၃-၁-၂၀၀၈)ရက်စွဲပါ ယုံကြည်အပ်နှံခြင်း ကတိစာချုပ်ဖြင့် ငွေကျပ် သိန်းတစ်ရာတိတိယုံကြည်စွာ အပ်နှံခဲ့ပြီး ယုံကြည်အပ်နှံငွေများ ပြန်လည်ပေးအပ်ခြင်းမပြုပါက တည်ဆဲဥပဒေများအရ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း (၂၁-၁၀-၂၀၀၈)ရက် ကြေးမုံသတင်းစာတွင် လည်းကောင်း၊ (၂၀-၁၀-၂၀၀၈)ရက် မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း ကြော်ငြာခဲ့ရာ ဦးထွန်းထွန်းခိုင်နှင့် မငြိမ်းချမ်းချိုတို့က (၂၁-၁-၂၀၀၉)ရက်နောက်ဆုံးထား၍ ပေးအပ်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံခဲ့သော်လည်း ပေးအပ်ရန် ပျက်ကွက်သည့်အပြင် လူကြီးမင်းတို့မိသားစုသည် အထက်ပါနေအိမ်မှ တိတ်တဆိတ် ပြောင်းရွှေ့သွားခဲ့ပါသည်။

၃။ သို့ပါ၍ (၃၀-၁-၂၀၀၉)ရက် နောက်ဆုံးထား၍ ဦးအောင်ဇော်ထွဋ်၏ ငွေကျပ် သိန်းတစ်ရာ တိတိကို ပြန်လည်ပေးအပ်ပါရန်နှင့် ပေးအပ်ခြင်းမပြုပါက လူကြီးမင်းတို့နှစ်ဦးအား ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးအောင်ကျော်မီ၊ ဦးခင်မြ
တရားရုံးချုပ်ရှေ့နေများ
အမှတ်(၇၅)၊ ပထမထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၉၆၀၅၅၊ ၀၉-၅၁-၈၃၀၄၃၊ ၀၉-၅၀-၂၆၉၉၈။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကယ်ဗင်မိုက်ကယ်လ်ရုဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တနင်္သာရီတိုင်း၌ မြေပေါ်လွှန်းကျင်းများ ပေါ်ပေါက်လာမှု ဒေသရေလုပ်ငန်း စီးပွားရေးကို များစွာအထောက်အကူပြု

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

အဟောင်းပြင်ဆင်ပေးခြင်းနှင့် အသစ်တည်ဆောက်ပေးနေသော ကော့သောင်းမြို့ မြေပေါ်သီတာလွှန်းကျင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာ့ပင်လယ် ကမ်းရိုးတန်းတစ်လျှောက် ဆောင်ရွက်နေသော ကမ်းနီးကမ်းဝေးငါးဖမ်း ရေလုပ်ငန်းသည် တနင်္သာရီတိုင်း၏ အဓိက စီးပွားရေးတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိရာ ရေလုပ်ငန်းတွင် အသုံးပြုသည့် အဆင့်မြင့် ငါးဖမ်းစက်လှေကြီးများ လွှန်းတင်ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းမှာ ရေလုပ်ငန်း၏ အဓိကစက်မှုလက်မှုလုပ်ငန်းကြီးတစ်ရပ် ဖြစ်လာခဲ့သည်။

ကာကွယ်ပေး

ယခုအခါ ဒေသဆိုင်ရာ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်လျက် ငါးဖမ်းစက်လှေကြီးများ လွှန်းတင်ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့ကို လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံခြားငွေယိုပေါက်ကို ကာကွယ်ပေးလျက်ရှိသည်။

မြေပေါ်လွှန်းကျင်း

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများ သတင်းဆောင်းပါး ရေးသားတင်ပြနိုင်ရန် ကော့သောင်းမြို့သို့ မကြာမီက ရောက်ရှိခဲ့သည်။ သတင်းအဖွဲ့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ စာမျက်နှာ ၉ ကော်လံ ၄ *

မြိတ်မြို့ တစ်ဖက်ကမ်း ကျွန်းစုမြို့နယ် ပထက်ဆိပ်ကမ်းတွင် ငါးဖမ်းစက်လှေ၊ ကုန်တင်စက်လှေကြီးများ လွှန်းတင်ပြင်ဆင်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် လာမည့်ရာစုနှစ်၌ သုံးပေအထိ ထပ်မြင့်တက်မည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ဆစ်ဒနီ ဇန်နဝါရီ ၂၅

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုနှင့်အတူ တစ်ကမ္ဘာလုံး အပူချိန် မြင့်တက်လာမှုကြောင့် ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့၏ ရေမျက်နှာပြင်သည် နှစ်ပေါင်း ၁၀၀ အတွင်း သုံးပေအထိ မြင့်တက်လာကြောင်း အဏ္ဏဝါဗေဒသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။ စာမျက်နှာ ၆ ကော်လံ ၅ ●



တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်းချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆဘဲ အထူးသတိပြုသုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

နေကြတ်ခြင်းကို နိုင်ငံတစ်ဝန်းလုံးမှတွေ့မြင်ရမည်

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၀၉ ခုနှစ်အတွင်း နေကြတ်ခြင်းနှစ်ကြိမ်နှင့် လကြတ်ခြင်းလေးကြိမ် ဖြစ်ပေါ်နိုင်ကြောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် ဖြစ်ပေါ်မည့် ပထမဆုံးအကြိမ် နေကြတ်ခြင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တွေ့မြင်နိုင်ကြောင်း တွက်ချက်ထားသည်။

နောက်ဆုံးတွေ့မြင်နိုင်

နေကြတ်ခြင်းကို မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများမှ မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် စတင်တွေ့မြင်ရမည်ဖြစ်ပြီး ထို့နောက် တဖြည်းဖြည်း မြန်မာနိုင်ငံ အထက်ပိုင်းဒေသများမှ အစဉ်လိုက် ဆက်လက်တွေ့မြင်နိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံမှ နေကြတ်ခြင်းကို နောက်ဆုံးတွေ့မြင်ရမည့်ဒေသမှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၃၅မိနစ်တွင် နောက်ဆုံးတွေ့မြင်နိုင်မည် ဖြစ်သည်။ ရန်ကုန်မြို့အနေဖြင့် နေကြတ်ခြင်းကို မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၃၁ မိနစ်တွင် မြင်တွေ့ရမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

26-1 (20).pmd 1 1/26/2009, 1:32 AM